mgyoe.com

SAMPLE BOOK

# လွန်းစေငြိုး

ကြွမ်မွှပ်ိုးငြွေ



mgyoe.com

mgyoe.com SAMPLE BOOK

လွန်းစေငြိမ်း

# ကြေမွနှမ်းခြွေ

မြူအတွက်တော့
အချစ်ဆိုတာ
ဆင်းရဲခြင်း
ထောင်ချောက်ပဲ။

ကြေမွနှမ်းခြွေ ( လွန်းစေငြိမ်း )
9 782024 001034

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၀၃)

ပုံနှိပ်မှတ်တမ်း



# လွှမ်းစေငြိမ်း

ကြေမွနွမ်းခြွေ

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ

မျက်နှာဖုံးဒီဇိုင်း ♦ ဗဂျီလင်းဝဏ္ဏ

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၁၁၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနှဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

လွှမ်းစေငြိမ်း
ကြေမွနွမ်းခြွေ / လွှမ်းစေငြိမ်း။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၂၂၄၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၀၃) ကြေမွနွမ်းခြွေ

mgyoe.com

mgyoe.com SAMPLE BOOK

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁။ | ပျို့ | အညာရယ် အလွမ်းရယ် မိချောရယ် |
| ၂။ | မယ်စု | အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး |
| ၃။ | နိုင်းနိုင်းစနေ | နောက်ဆုံးနှုတ်ဆက်သူငယ် |
| ၄။ | လင်းရောင်နီဝေဘာ | ရိုးရာနှင့်အညာဓလေ့ဝတ္ထုတိုများ |
| ၅။ | တင်မောင်မြင့် | အချစ်ရိုင်းရဲ့ အရိုင်းချစ် |
| ၆။ | မိုင်ရာ | တရွေညရဲ့ သန်းခေါင်ယံ |
| ၇။ | မိုးစက်ငြိမ်း | စိတ်အတွက် ဖတ်စာ |
| ၈။ | လူခါး | ဦးအောင်သင်းကို မော့ကြည့်ခြင်း |
| ၉။ | နိုင်းနိုင်းစနေ | တစ်သက်တာအဖော် |
| ၁၀။ | ခင်သန္တာ | မလွန်ခင်လေး လွမ်းရအောင် |
| ၁၁။ | ဆွေဝင်နေမင်း | ခေါင်မိုးများ |
| ၁၂။ | ထိထိတင့်ဆွေ | အက်ဒ်ဖ်ဒီ |
| ၁၃။ | နေထွန်းလင်း | ငိုဘဝအတွက် ငါ လုပ်နိုင်တယ် |
| ၁၄။ | ခင်မြင့် | ဆည်းဆာချိန် တိမ်နီများ |
| ၁၅။ | စုရှမေ | ခွင့်လွှတ်ခြင်းဖြင့် လွှတ်မြောက်ခြင်း |
| ၁၆။ | နှင်းလင်းသစ်ဆေး-၂ | ဇိမ်ခံတောင်သူ |
| ၁၇။ | ရွှေဥဒေါင်း | ပထမ ဆရာသိန်း |
| ၁၈။ | နိုင်းနိုင်းစနေ | နှလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း |
| ၁၉။ | ကိုလေးမြတ် | ကားဂိတ် |
| ၂၀။ | လင်းရောင်နီဝေဘာ | ခေါင်းမြီး |
| ၂၁။ | ရွှေဥဒေါင်း | စစ်ရုံးသူ |
| ၂၂။ | နိုင်းနိုင်းစနေ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ |
| ၂၃။ | ညီလေးငယ် | အဝါရောင်ကောင်းကင် |
| ၂၄။ | ပျို့ | ဖယောင်း ဥယျာဉ် |
| ၂၅။ | သက်ဝိုင်းမြန်မာပြန် | သမီးရတနာ |
| ၂၆။ | နိုင်းနိုင်းစနေ | ပျော်ရွှင်ဖို့ မီလောက် မခက်ခဲပါစေနဲ့ |
| ၂၇။ | ထက်တုန်းရှိန် | မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ |
| ၂၈။ | နိုင်းနိုင်းစနေ | မသွားရရင် သေနိုင်တယ် |
| ၂၉။ | ခေါက်တာအောင်ဆေး-၂ | အတွေးတို့၏ ဆွဲငင်အား |
| ၃၀။ | သစ်ခက်အိမ် | ဘာညာကိစ္စ |
| ၃၁။ | ဝေဖီးမွှားရေတဏှာသိုလ် | ဆုံးမယ်လက် |
| ၃၂။ | ညီထွန်းလူ | ငါတို့ ရှုမြန်ကြရအောင် |
| ၃၃။ | လင်းရောင်နီဝေဘာ | ရွှေလွန်းပျံ ဘယ်ညာခတ်ပါလို့ |
| ၃၄။ | နီဘားနိုင် | မျက်ကွယ်မြစ် |
| ၃၅။ | ရွှေဥဒေါင်း | ရှမ်းနှီး ရှမ်းကလေးပုဆိုး |

mgyoe.com

mgyoe.com
SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၃၆။ | နိုင်းနိုင်းစနေ | ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ |
| ၃၇။ | ထက်ဘုန်းရှိန် | အချစ်မြစ်ပြင်က မေတ္တာရေကြည်လေးတွေ |
| ၃၈။ | နိုင်းနိုင်းစနေ | ကျွန်တော် ဂျက်ကီချန်း |
| ၃၉။ | ပျိုး | လွမ်းနေဦးမည့် ငွေတောင်ပြည် |
| ၄၀။ | သက်ပိုင် | နှမ်းလျှော့ကင်ငယ် |
| ၄၁။ | အောထူးအောင်အဏ္ဏဝါ | တစ်ခါက ပင်လယ် |
| ၄၂။ | ခဲတံ | စိတ်ခံစားမှုများကို ကုစားခြင်း |
| ၄၃။ | ခွန်ညီသွေး | နကွတ်ကြေ ပျိုးခင်း |
| ၄၄။ | ထက်ဘုန်းရှိန် | ဘဝသမုဒ္ဒရာထဲက အစာအာဟာရ |
| ၄၅။ | လင်းသစ် | နကွတ်မှားတဲ့ ချစ်ခြင်း |
| ၄၆။ | ဂျူလိုင်ကျော်မင်း | တောင်ဇလပ်နီရောင် တိမ်တိုက်တွေ |
| ၄၇။ | နိုင်းနိုင်းစနေ | ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ |
| ၄၈။ | ရုပ်မြတ်ချစ် | အဆိပ်သင့် နှလုံးသား |
| ၄၉။ | ထက်ဘုန်းရှိန် | ပျောက်ဆုံးအချစ် ကူးလွှင့်ပင်လယ် |
| ၅၀။ | နိုင်းနိုင်းစနေ | ထွက်ခွာသွားခြင်းအတွက် ကျေးဇူးပါ |
| ၅၁။ | မိုင်ရာ | ဝင့်ကြွေးရှိခဲ့သော် |
| ၅၂။ | ကိုလေးမြတ် | ရွာအကြောင်း ရွာကလူတွေအကြောင်း |
| ၅၃။ | သိန်းသန်းထွန်း | ဘယ်ပန်းနှီးရေလို့မှ မရှိ |
| ၅၄။ | ပန်းဝတ်ဝိ | ကမာရွတ်အိမ်မက်··· လှည်းတန်းပုံပြင် |
| ၅၅။ | မင်းဝေဟင် | ထရိုပ်အောက်က မိုးတိမ် |
| ၅၆။ | ရွှေဥဒေါင်း | အကြိုဉာဏ်ဖြင့် ကြီးပွားရေး |
| ၅၇။ | နိုင်းနိုင်းစနေ | ခေါက်တာ ဟင်နရီလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန် မှုခင်းများ |
| ၅၈။ | ထက်ဘုန်းရှိန် | အပန်းဖြေရာ အနားယူရာ |
| ၅၉။ | ခဲတံ | ပျော်ရွှင်သောစိတ်ထား |
| ၆၀။ | ညီလေးငယ် | မှုခြာမြိုင် |
| ၆၁။ | သားငွေး | ကိုယ်တိုင်လွတ်မြောက်ခြင်း |
| ၆၂။ | ပျိုး | အလွမ်းဖြင့် နွေးစေ |
| ၆၃။ | နဝိလင်းသစ်အေး-၂ | ၁၉၂၂ |
| ၆၄။ | ဝဲမြတ် | ကုန်းဘောင်ရယ် လွမ်း |
| ၆၅။ | ဝန်းဖော်တင်အောင် | မယကြီး |
| ၆၆။ | လင်းသစ် | အတွေးတို့ စည်ရာ |
| ၆၇။ | နိုင်းနိုင်းစနေ | ထင်ရှားသူတို့၏ ဘဝပုံပြင် |
| ၆၈။ | နိုင်းနိုင်းစနေ | လျှို့ဝှက်တဲ့ သန်းကြွယ်သူဌေး |
| ၆၉။ | နိုင်းနိုင်းစနေ | လျှို့ဝှက်ဥယျာဉ် |
| ၇၀။ | နိုင်းနိုင်းစနေ | ကျွန်မမဟုတ်ဘူး |

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

# စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၇၁။ | ခဲတံ | ကိုယ်တို့ တွဲကြရအောင် |
| ၇၂။ | ခဲတံ | ချစ်ခြင်းမေတ္တာဖြင့် ထိတွေ့ဆက်ဆံခြင်း အနုပညာ |
| ၇၃။ | နှင်းနှင်းဝေနေ | နှလုံးသားဝန်ဆောင်မှု |
| ၇၄။ | စုရှမေ | ချစ်ခြင်းမေတ္တာ၏ ဇာတ်မြစ်များ |
| ၇၅။ | ဇန်မော်တင်အောင် | ပန်းများဖွင့်သော ညတည |
| ၇၆။ | မင်းခန့်ပြည့် | လုပ်ငန်းခွင်ထဲက ချော့တ်ကလေး |
| ၇၇။ | စုရှမေ | ချစ်သောအမျိုးသားလေးထံသို့ |
| ၇၈။ | အောကာဦး | လမ်းဆုံမှတ်ဉာဏ်များ |
| ၇၉။ | ဂျူလိုင်ကျော်မင်း | တစ်ခါက အဝါရောင်ဘူတာ |
| ၈၀။ | Aqua | အစိမ်းရောင် မှော်ပညာရှင် |
| ၈၁။ | နဂါးမောင်မောင်သဘာဝကျွန်ရ | စိတ်ဝိညာဉ်အပိုင်းအစများ |
| ၈၂။ | နှင်းနှင်းဝေနေ | ထူးဆန်းတဲ့ အမေရိကန်လူမျိုး |
| ၈၃။ | လင်းသစ် | တွေးထင်ထားတဲ့အတိုင်း ဖြစ်မလာတဲ့အခါ |
| ၈၄။ | လင်းသစ် | လုပ်ငန်းစွမ်းဆောင်ရည်မြှင့်လမ်းညွှန် |
| ၈၅။ | လင်းရောင်နီစဘော | ပင်လက်ပဲ ကြွေချိန်ကျပြီဗို့ |
| ၈၆။ | မြမြဆွေစိတ်ပညာ။ | ဗိဗိစိတ်ကို ထိန်းချုပ်ခြင်းဆိုင်ရာ အနုပညာ |
| ၈၇။ | နှင်းနှင်းဝေနေ | ကျေးဇူးပြု၍ မေမေ့ကို ကြည့်ရှုစောင့်ရှောက်ပါ |
| ၈၈။ | စိုးဘားနိုင် | ဒုတိယပင်လယ် |
| ၈၉။ | နှင်းနှင်းဝေနေ | ၉၀-၁၀ နိယာမ |
| ၉၀။ | လင်းသစ် | ပိုကောင်းမယ့် မနက်ဖြန် |
| ၉၁။ | သက်ထားရွှေဝင်(THSS) | မေတ္တာနှင့် ခွင့်လွှတ်ခြင်း |
| ၉၂။ | ဓာဝီဆို | ကြယ်တွေဟာ မင်းအတွက်ပဲ လင်းလက် တောက်ပနေတာပါ |
| ၉၃။ | ဝေယံထွန်း | သင့်အခွင့်အလမ်းတွေကို မြှင့်တင်လိုက်ပါ |
| ၉၄။ | ထက်ဘုန်းရှိန် | ငါ မမြင်ဖူးတဲ့ မင်း၊ ငါ မမြင်ဖူးတဲ့ ငါ |
| ၉၅။ | လင်းရောင်နီစဘော | ပါပါတယ်ဆော်သွားဖူး နန်းဦးကမ္ဘေး |
| ၉၆။ | Tsukimi | တကျက်ချင်စိတ် |
| ၉၇။ | ခဲတံ | တစ်ပတ်အတွင်း MOVE ON လုပ်နည်း |
| ၉၈။ | စုရှမေ | ရှင်သန်ခြင်းရဲ့ အဓိပ္ပာယ် |
| ၉၉။ | နဂါးမောင်မောင်သဘာဝကျွန်ရ | သံမဏိဝိညာဉ် |
| ၁၀၀။ | စာရိပ်မြိုင်တိုက်ထုတ်ကလောင်စုံ | မြိုင်မြိုင်ဆိုင်ဆိုင် စာရိပ်မြိုင် |
| ၁၀၁။ | စုရှမေ | ချစ်သော အမျိုးသမီးလေး ထံသို့ |
| ၁၀၂။ | မြဆွေနှင်းဆီ | အလွမ်းပြည်ကို ရေးတဲ့စာ |

ယခုထွက်ရှိသည့် စာရိပ်မြိုင်အမှတ်စဉ် (၁၀၃)
လွမ်းစေပြင်း - ကြေမွပန်းခြေ

mgyoe.com

mgyoe.com SAMPLE BOOK

# ကြေမွနွမ်းခြွေ

*မြမြနွယ်နှောင်၊ လူတို့ဘောင်၌*
*ယောင်မှားစည့်သည်၊ မပျော်ကြည်ဘူး။*

ကြည်အေး

❑

အမိပွာယ်မဲ့လိုက်တာ။

ခြေနှစ်ဖက်ကို ခပ်ကျဲကျဲထားပြီး အိပ်ရာပေါ်မှာ ပျင်းတိပျင်းရွဲ ဆန့်ဆန့်ရန့်ရန့် လဲလျောင်းရင်း မျက်နှာကြက်အမိုးကို မော့ကြည့်ကာ မြူသည် တဖွဖွ ညည်းညူလိုက်သည်။ သည်နေ့လယ်မှာတင် သည်စကားကို ရေရွတ်တာ ဘယ်နှကြိမ်မြောက် ရှိပြီလဲ မြူ မသိတော့။ မြူသည် တခြားစကားလုံးများကို မရေရွတ်တတ်တော့သည့်အလား သည်စကားကိုသာ ထပ်ခါထပ်ခါ ရေရွတ်နေမိသည်။ တစ်ခါရွတ်တိုင်းလည်း သူမရင်ထဲတွင် ပိုပြီးဟာလာကာ သူမနှလုံးသားသည် တစိမ့်စိမ့် နာကျင်ခက်ထန်လာတော့သည်။ သည်အခါတိုင်း တမ်းတ တိုင်တည်စရာ တစ်စုံတစ်ယောက်ကို မြူ အရှုးအမူး တောင့်တမိသည်။ မြူ့အတွက် တမ်းတတိုင်တည်ရာသည် ဘယ်မှာလဲ၊ ဘယ်သူလဲ။ နူးညံ့သိမ်မွေ့ပြီး ကြင်နာ နားလည်တတ်သော မျက်နှာတစ်ခုကို မြင်ယောင်မိသည်။ သို့သော် အတွေးနဲ့ပင် တစ်ခဏတွင်း ပျက်ပြယ်သွားသည်။ သည်အချိန်မှာတော့ မြူသည် ဘယ်သူ့ကိုမဆို ငံ့လင့် တောင့်တနေမိသည်

mgyoe.com

ဖြစ်ရာ မြို့ဘေးမှာ ရောက်လာမည့်သူကို မြို့က မြို့ဘဝ၏ဖက်တွယ်စရာ ကောက်ရိုး တစ်မျှင်အဖြစ် လှမ်းယူ ဖမ်းဆွဲထားလိုက်တော့မှာ သေချာနေလေသည်။ ထို့နောက် မြို့ပါးပြင်ပေါ် သို့ ရုတ်တရက် မျက်ရည်စတွေ တစိမ့်စိမ့် စီးဖြာကျလာပြီး မြို့သည် ရေနစ်သူတစ်ယောက်လို မွန်းကျပ်ပန်းလျလာကာ အသက်ရှူမဝသလို ခံစားရသည်။ အချိန်ကြာမြင့်စွာ လဲလျောင်းနေသော အိပ်ရာပေါ် ကနေ အိပ်မက်ဆိုး မက်သည့်သူ တစ်ယောက်လို ကုန်းရုန်းကာထလိုက်တော့ အိပ်ရာခင်းစောင်စမှာ ပိုပြီး တွန့်လိမ် ကြေမွကုန်သည်။ မြို့စိတ်တွေလည်း ကြေမွ မွန်းပိတ်နေသည်။ မြို့သည် အိပ်ရာ ထက်ကနေပင် တူရူရှိ အခန်းပြတင်းပေါက်ဆီသို့ သိစိတ်မဲ့စွာ လှမ်းငေးကြည့် လိုက်သည်။ ပြတင်းပေါက်သည် တစ်ခြမ်းပွင့်ပြီး တစ်ခြမ်းပိတ်လျက် ရှိသည်။

ပူပြင်း စူးရှသော နွေနေရောင်က မြို့အခန်း ပြတင်းဝဆီသို့ သက်ဆင်း လျှောကျနေလေသည်။ ပြတင်းခန်းဆီးသည် နွေလေရူး၏ ကျီစယ်ဆော့ကစားမှု ကြောင့် လေထဲတွင် တဖျတ်ဖျတ် လှုပ်ရှားလွင့်ဝဲနေရလေသည်။ ခန်းဆီး၏အရောင် က နေရောင်ခြည်လို ဝါတောက်တောက် စူးစူးကြီးဖြစ်သည်။ ပြီးတော့ ခန်းဆီးစမှာ ပါသည့် အရုပ်တွေက တိရစ္ဆာန်ရုပ်ကလေးတွေ။ မြို့ ဘယ်လိုမှ မနှစ်သက်နိုင်သည့် အရောင်တွေ၊ အရုပ်တွေနဲ့မို့ သည်ခန်းဆီးကိုမြင်တိုင်း မြို့ မုန်းလှသည်။ ပြီးတော့ မြို့ကိုယ်မြို့လည်း အခဲမကြေနိုင်စွာ မုန်းလှသည်လေ။

မြို့မကြိုက်သည့် သည်ခန်းဆီးစကိုမှ ဘွားဘွားက မြို့အခန်းပြတင်းမှာ လာတပ်ပေးထားခဲ့သည်။ သည်ခန်းဆီးနဲ့ ပတ်သက်ပြီး မြို့ စောဒကတက်တော့ ဘွားဘွားက ထုံးစံအတိုင်း မြို့ကို မျက်စောင်းထိုး ကြည့်သည်။ "ဒီခန်းဆီးလည်း လှပါတယ်အေ၊ ညည်းမကြိုက်လည်း မတတ်နိုင်ဘူး၊ ငါ ဝယ်လာပြီးပြီ" ဟုဆိုကာ သူ လုပ်စရာရှိတာကိုသာ လုပ်သွားလေသည်။ ဘွားဘွားစိတ်ထဲမှာ ဒီခန်းဆီးက လှပေမယ့် မြို့ကတော့ လှတယ်မထင်။ မလှသည့်အပြင် အရုပ်တောင် ဆိုးသေးသည်။ သည်ခန်းဆီးကို မြင်တိုင်း မြို့စိတ်ထဲမှာ ဘယ်လိုမှ ခံစား၍မရပေ။ သို့သော် မြို့ သည် ဘွားဘွားကို ဘာမှ ပြန်မပြောတော့ဘဲ ဒီခန်းဆီးကိုပင် မကြိုက်မနှစ်သက် သည့်ကြားထဲကနေ ကြိတ်မှိတ်မြိုသိပ်ကာ လက်ခံလိုက်ရလေသည်။

သည်ခန်းဆီးစကိုမြင်တိုင်း မြို့သည် ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရ စိတ်တစ်ဝက်၊ ဝမ်းနည်းနာကျင်စိတ်တစ်ဝက်ဖြင့် ကိုယ့်ကိုယ့်ကိုယ် မုန်းတီးစက် ဆုပ်စိတ် ရင်ထဲတွင် ပြည့်ကျပ် မွန်းသိပ်လာသည်။ မြို့ဟာ မြို့အခန်းပြတင်းမှာ တပ်မည့် ခန်းဆီးစကိုတောင် ရွေးချယ်ခွင့် မရှိတော့ဘူးလား။ မြို့ မကြိုက်သည့်

mgyoe.com SAMPLE BOOK

ပောသည့် ခန်းဆီးစအရောင်ကို မြူကြိုက်သည့်အရောင်နဲ့ လဲဖယ်ပစ်လိုက်ချင်သည်။ ပန်းခရမ်းရောင် ခန်းဆီးစလေးဆိုရင် ကောင်းမည်။ ခန်းဆီးမှာက ပန်းပွင့်သေးသေးလေးတွေ ကြဲဖြန့်နေပုံဆိုရင်တော့ ပို၍ကြည့်လို့လှမည်။ ပြီး စိတ်ကူးယဉ်လို့လည်း ကောင်းမည်ပင်။ မြူသည် တန္တဲ့.န္တဲ့.တိုက်ခတ်နေသော လေထဲတွင် ညင်သာစွာ ယိမ်းကနေသော ပန်းရောင်ခန်းဆီးစလေးကို မျက်စိထဲမြင်ယောင်ရင်း စိတ်အတွေးမှာ ကြည်နူးပီတိစိတ် ဖြစ်လာသည်။ ဒါဟာ မြူ့ဘဝပဲဟု ကိုယ့်ကိုယ်ကိုယ် မှတ်မှတ်ထင်ထင် သတိပြုမိလိုက်သည့် အခိုက်မှာတော့ မြူ၏ စိတ်အကြည်ဓာတ်ကလေးလည်း ဖျတ်ခနဲ ပျောက်ကွယ်သွားလေသည်။

အခန်းကလည်း စောစောကထက် ပိုပြီး ပူလောင် မွန်းကျပ်လာလေသည်။ သည်အခန်းထဲမှာ သည်လိုအချိန်မှာ မြူ ဘာကြောင့် ရှိနေရတာလဲ။ မြူသည် စိတ်ယောက်ယက်ခတ်လာကာ အိပ်ရာပေါ်ကနေ ရုတ်တရက် ခုန်ဆင်းလိုက်သည်။ မြူ့ကိုယ်ခန္ဓာပေါ် ရှိ အဝတ်အစားတွေမှာ တွန့်လိမ်ကြေမွလျက်ရှိသည်။ ဘွားဘွားသာ သိရင် စိတ်ဂယောက်ဂယက်နိုင်တဲ့ မိန်းကလေးပဲဟု အပြစ်ဆိုဦးမှာ သေချာနေလေသည်။ တကယ်ပဲ မြူဟာ စိတ်မတည်ငြိမ်သူလား။ မြူစိတ်တွေ လေလွင့်ပျက်စီးနေတာ၊ ကတိမ်းကပါးဖြစ်နေတာကို မြူကိုယ်မြူ မထိန်းချုပ်နိုင်ပေ။ တစ်ခါတစ်ခါတော့ မြူသည် လေနှင်ရာ လွင့်ပါးနေသည့် သစ်ရွက်ဝါလေးတစ်ရွက် ဖြစ်ချင်သည်။ သစ်ပင်တစ်ပင်ထက်မှာ အချိန်ကြာမြင့်စွာ ကပ်တွယ် ပေါက်ရောက်နေတာထက်စာရင် မြေပြင်ပေါ်မှာဖြစ်စေ၊ လမ်းမပေါ်မှာဖြစ်စေ ဟိုသည်ရွှေ့လျားပြီး ဝဲဝဲလွင့်လွင့် စုန်ဆန်ကူးခပ်နေရတာမှ နေပျော်ဖို့ ကောင်းလိမ့်ဦးမည်။ ဒါမှလည်း ဘဝရှင်သန်နေထိုင်ခြင်းမည်သည် မဟုတ်လား။

သို့သော် မြူ့ဘဝက မြေပြင်ပေါ်က သစ်ရွက်တစ်ရွက် ဖြစ်ခွင့်မရခဲ့။ လှောင်ချိုင့်ထဲက ငှက်တစ်ကောင်သာ ဖြစ်ခဲ့ရသည်။ လှောင်ချိုင့်ထဲက ငှက်တစ်ကောင် ဘဝမှာ မြူသည် အပြင်လောကမှာ ပျံသန်းချင်ဇောနဲ့ တောင်ပံ တဖျတ်ဖျတ်ခတ်ပြီး လှုပ်ရှားယောက်ယက်ခတ်ခဲ့ရသလို တစ်ဖန် ကိုယ့်အတောင်ပံကို ကိုယ်မယုံကြည်စိတ်နဲ့ သိမ်ငယ်ကြောက်ရွံ့ကာ ဗျာများခဲ့ရသည်။ မြူသည် မြူ့စိတ်ကို မြူ ဘယ်သောအခါမျှ နှစ်မြို့ခြင်း အလျဉ်းမရှိခဲ့ဘဲ ကိုယ့်ကိုယ်ကိုယ်သာ မုန်းတီးနာကျင်ခဲ့ရသည်။

ခုတင်ထက်ကနေ ဝုန်းခနဲ ခုန်ထလိုက်သော မိန်းကလေးသည် မှန်တင်ခုံရှေ့ထိုင်ကာ မှန်ထဲက ကိုယ့်ပုံရိပ်ကို ကိုယ် မုန်းတီးစွာ စိုက်ကြည့်မိသည်။ မှန်ထဲက

mgyoe.com

mgyoe.com

မိန်းကလေးသည် အရင်တုန်းက မြူနှင်းဝေပဲ ဆိုတာ သိသည်နှင့် တစ်ပြိုင်နက် မြူသည် မှန်ကို မကြည့်တော့ဘဲ ဆတ်ခနဲ မျက်နှာလွှဲလိုက်သည်။ မြူဟာ အရင့် အရင်အတိုင်း မြူဟာ မြူ ဖြစ်နေဆဲပါလား၊ ဘာမှကို မပြောင်းလဲသေးပါလား။ ထို့နောက် မြူသည် စိတ်ဂဏှာမငြိမ်စွာ အိပ်ရာပေါ် တဖန် ပစ်လှဲလိုက်ပြန်သည်။ အခန်းထဲမှာ တိတ်ဆိတ်ခြင်းက ရေခဲတစ်မျှ အေးစက်ရှုံသာမက မည်သည့်လှုပ်ရှား မှုကိုမှ မမြင်ရ မတွေ့ရတော့ပါ။ ပြတင်းခန်းဆီးတောင် မရွေ့တော့။ လေငြိမ်သွားပြီ။ မြူသည် မျက်နှာကြက်ကို ခပ်ကြောင်ကြောင် မော့ကြည့်ရင်း စာဖတ်ရင် ကောင်း မလား စဉ်းစားမိသည်။ သည်တော့ ကြည်အေး၏ ကဗျာတစ်ပိုင်းတစ်စကို သတိ ရသည်။

*အိပ်လို့မရ*
*ညကြီးမင်းကြီး၊ ထပြီးထိုင်နေ*
*မွေ့ရာတွေလည်း၊ ကြေမွတွန့်လိပ်*
*သိပ်စိတ်ညစ်တယ်၊ သတိပြယ်လွင့်*
*ခိုတွယ်စရာ၊ အတည်မကျ။*

ကြည်အေး၏ ကဗျာထဲက မိန်းကလေးက ညသန်းခေါင်ယံကျမှ စိတ်လေ လွင့်နေတာ တော်သေးသည်။ မြူကတော့ နေ့ခင်းကြောင်တောင်ကြီးမှာကို စိတ် မတည်မငြိမ်နဲ့ လှုပ်ရှား လေလွင့်နေရလေသည်။ အခုအချိန် ကြည်အေး စာကို ဖတ်ရလျှင် စိတ်တည်ငြိမ်သွားမလား။ ကြည်အေးဆိုတာနဲ့ မျက်နှာတစ်ခုကို မြင် ယောင်မိပြန်သည်။ အို... ဝေးကွာခဲ့တဲ့အတိတ်ကို ပြန်လည်ပုံဖော်ကြည့်လို့ကတော့ မျက်ရည်ကို ရင်းရုံကလွဲရင် မြူအတွက် ဘာတွေများ ဖန်တီးပြောင်းလဲနိုင်မှာမို့လဲ။

အမှန်တကယ်တော့ သည်အချိန်မှာ မြူသည် စာဖတ်ချင်နေတာမဟုတ်ဘဲ မြူ လေလွင့်လိုရာ သစ်ရွက်ဝါလေးတစ်ရွက်သာ ဖြစ်ချင်နေခဲ့တာပါ။ သည်ခဏမှာ မြူသည် မြူ့မျက်လုံးတွေကို ညင်သာစွာ ပိတ်လိုက်ကာ မြူ လေလွင့်လိုရာ သစ်ရွက် ဝါလေး နောက်ကိုသာ တကောက်ကောက် လိုက်နေမိတော့သည်။ ဤမျှသာ မြူ တတ်နိုင်ပါတော့သည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၁)

မြူ တက္ကသိုလ်သွားတော့မည်ဆိုတော့ ဘွားဘွားက မြူ့ကို ဖြစ်မှဖြစ်ပါ့မလားဟု သံသယစိတ်ဝင်နေခဲ့သည်။ တကယ်တော့ ဘွားဘွားက မြူ့ကို ချစ်လွန်းအားကြီးလို့ စိုးရိမ်ကြီးနေတာ မဟုတ်မှန်း မြူ သိသည်။ သည့်အတွက်ကြောင့်လည်း မြူမှာ မခံချင်စိတ်လည်း ဖြစ်မိပြီး ကိုယ့်ကိုယ့်ကိုယ်လည်း ဝမ်းနည်း ရှက်ရွံ့သွားသည်။ မြူ့ကို ဘွားဘွားက လူတောသူတောမတိုးတဲ့ ကောင်မလေး၊ လူတွေ့လို့ရယ်မှ လူလိုသူလို စကားမပြောတတ်တဲ့ ကောင်မလေးရယ်ဟု မြူ့ရှေ့မှာရော မြူ့ကွယ်ရာမှာပါ မြူ့အကြောင်း အတင်းချတတ်သည်။ မြူသည် လူစိမ်းသူစိမ်းများရှေ့တွင် ထိုသို့အပြောခံရပါက ရှက်ရွံ့သိမ်ငယ်သွားတတ်ပြီး ထိုနေ့တစ်နေ့လုံး ဘယ်သူ့ကိုမှ တွေ့ချင်မြင်ချင်စိတ် မရှိတော့လောက်အောင် ပင်ပန်း နွမ်းနယ်သွားတတ်သည်။ ထိုအချိန်တွေတုန်းကတော့ မြူက ဒါကို စိတ်ဓာတ်ကျသွားတာရယ်လို့ မတွေးတတ်ခဲ့ပေ။

အမှန်တကယ်လည်း မြူသည် မြူ့ကိုယ်မြူ သံသယတွေ ရှိနေခဲ့သည်။ မြူဟာ တကယ်ပဲ လူတွေကြားထဲ နေလို့ဖြစ်ပါ့မလားလို့ တွေးမိလေတိုင်း တစ်နေရာရာမှာ ပုန်းအောင်း ကွယ်ဝှက်လိုစိတ်နဲ့ ရှောင်ပြေးချင်ခဲ့မိသည်။ မြူ့စိတ်တွေ သည်လို ဖြစ်နေတာကို ဘွားဘွားက မီးလောင်ရာ လေပင့်စကား ဆိုလိုက်သောအခါ မြူကိုယ်တိုင်ပင် ကယောင်ချောက်ချား ဖြစ်သွားရလေသည်။ ထိုအခါတိုင်း မြူ့မှာ

mgyoe.com

ယုံကြည်မှုတွေ ပျောက်ဆုံး ပျက်စီးခဲ့ရသည်။ ဘွားဘွားသည် ဖေဖေ၊ ကိုကြီးနဲ့ ကိုငယ်တို့အပေါ်မှာ အကောင်းမြင်တတ်သလောက် မြူ့အပေါ်မှာ ဘာကြောင့် အကောင်း မမြင်နိုင်ရတာလဲ။ မြူ ဆိုရင် အရာရာ လျှော့တွက်တတ်လွန်းသည်။ အင်းပေါ့လေ မြူကလည်း ဘွားဘွားစိတ်ထဲ ဘယ်တော့မှ နှစ်ခြိုက်နိုင်စရာ မရှိလောက်အောင် အသိအမြင် နည်းလွန်းလှတာကိုး။ မြူ့မှာ ကြောက်စိတ်၊ ရွံ့စိတ်တွေ များလွန်းလှသည်။

တစ်ခါ ဘွားဘွားမွေးနေ့လုပ်တုန်းက ဖိတ်စာတွေ လိုက်ဝေတော့ မြူသည် မြူတို့အိမ်ဖော် မအေးသန်းနှင့် လိုက်သွားသည်။ အိမ်တစ်အိမ်ရောက်တော့ ထိုအိမ်ရှင်က ဘာဖိတ်စာလဲဟု လက်ထဲက ဖိတ်စာကို ဖွင့်ဖို့ ကြိုးစားရင်းမေးရာ မြူက လူကြီးလုပ်ပြီး ဆွမ်းသွတ်ဖိတ်စာဟု ကမန်းကတမ်း ဖြေလိုက်သည်။ သည်တော့ မအေးသန်းက ဟဲ့ကောင်မလေးဟု အလန့်တကြားတားသည်။ မအေးသန်း အလန့်တကြား တားတာကို မြူက နားဝေတိမ်တောင်ဖြစ်လျက်ရှိသည်။ သည်အကြောင်း အိမ်ရောက်တော့ မအေးသန်းက ဘွားဘွားကို အကုန်ပြန်ပြောပြရာ ဘွားဘွားသည် ဆွေ့ဆွေ့ခုန်ကာ မြူကို သူ့ထုံးစံအတိုင်း နဂါးမျက်စောင်းဖြင့် ခက်ခက်မာမာ ထိုးကြည့်သည်။

"မသာမလေး၊ ဘာမှလည်း မသိဘူး၊ ဘာမှလည်း နားမလည်ဘူး၊ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ၊ ဆွမ်းသွတ်မဟုတ်ဘူး၊ ဆွမ်းကျွေးဟဲ့ ဆွမ်းကျွေး၊ မြူနှင်းဝေတို့ လုပ်လိုက်ရင် ဒီလိုချည်းပဲ"

ဘွားဘွားသည် ပါးစပ်ကလည်း တတွတ်တွတ် ဆဲဆို ရေရွတ်ပြီး မြူ့ခေါင်းကိုလည်း လက်သွက်သူပီပီ တိန်ခနဲနေအောင် တဒေါင်ဒေါင် ခေါက်လေသည်။ မြူသည် နာလည်းနာ ရှက်လည်း ရှက်သွားသည်။ ပြီးတော့ နားမလည်နိုင်အောင်လည်း ဖြစ်မိသည်။ မြူ ဘာမှားသွားလို့လဲ။ ဆွမ်းသွတ်နဲ့ ဆွမ်းကျွေး ဘာကွာလဲဆိုတာ ထိုစဉ်က မြူ အမှန်ပင် မသိခဲ့။ မြူ့အမှားကို ဘွားဘွားတို့ကလည်း ပြင်ဆင်ထောက်ပြခြင်းမရှိဘဲ ရိုက်ဖို့နှက်ဖို့လောက်သာ အာရုံရှိကြလေသည်။ သည်တုန်းက မြူ့အသက် ရှစ်နှစ်သာ ရှိသေးသည်။ နောက်တစ်နေ့မနက်တွင် ဆွမ်းကျွေးကို လာသူမှန်သမျှ ဘွားဘွားက ထိုအကြောင်းတွေသာ ထိုင်ပြောပြီး ဧည့်ခံနေလေရာ မြူသည် ဧည့်သည်တွေရှေ့မှာ အရှက်တကွဲ ဖြစ်ခဲ့ရလေသည်။ သူတို့သည် မြူကိုကြည့်ပြီး ရယ်မောလျက် ဝိုင်းလှောင်နေလေရာ ထိုအထဲမှာ ကိုကြီးလည်း ပါသည်။ ကိုငယ်လည်း ပါသည်။ ဖေဖေကတောင် မြူ့ကို ကြည့်ပြီး စိတ်ပျက်လက်ပျက် ရယ်မော

mgyoe.com

နေနိုင်သေးသည်။ အို မြူကို ဘယ်သူမှ မစာနာကြဘူး။ မိသားစုဝင်တွေကတောင်မှ မြူ့ရှေ့မှာ မားမားမတ်မတ် မရပ်တည်ပေးနိုင်တာ။ သူစိမ်းတွေက မြူကို လှောင်ပြောင်ရယ်မောကြတာ ဆန်းသလား။ မြူသည် မြူ့ကိုကြည့်ပြီး ရယ်မောနေကြသော လူတွေအားလုံးရှေ့မှာ ဘယ်လိုမှ မျက်နှာမထားတတ်တော့။ ထိုနေရာမှာလည်း မြူ ကြာကြာမနေနိုင်တော့ပေ။ ထို့ကြောင့် မြူ အခန်းထဲ ပြေးဝင်ခဲ့မိသည်။ ထိုနေ့က မြူသည် တစ်နေကုန် အခန်းထဲကနေ မထွက်တော့ပေ။ အခန်းထဲမှာပင် တစ်ကိုယ်တည်း ရှက်သွေးမွှန်ပြီး မျက်နှာတစ်ခုလုံးလည်း သွေးရောင်လွှမ်းလျက် ရှိသည်။ ဘွားဘွားမျက်နှာကိုလည်း မြင်ယောင်ပြီး အမုန်းကြီးမုန်းမိလေသည်။ မအေးသန်းကိုလည်း နောင် မြူ ဘာပဲဖြစ်ဖြစ် စကားပွင့်ပွင့် မပြောတော့ပေ။

ကလေးဘဝ အစောဆုံးအချိန်မှာ မြူ စွဲမြဲမှတ်မိနေသော အကြောင်းက ဘွားဘွားနဲ့ပတ်သက်သော အကြောင်းတွေသာ ဖြစ်သည်။ ထို့နောက် မြူ စိတ်အာရုံမှာ အဖြစ်အပျက်တွေ တစ်ခုပြီးတစ်ခု စွဲထင် ကပ်ငြိလာခဲ့သည်။ အဖြစ်အပျက်တွေကလည်း တစ်ခုပြီးတစ်ခု ဆက်စပ် ကပ်တွယ်နေလိုက်သည်မှာ ခွဲခြားမရအောင် ဖြစ်လျက် မြူ့စိတ်ကို ထွေးလုံးရစ်ပတ်ထားပြီး အားအင်ကြီးမားသော လှိုင်းတွေ တစ်ခုပြီးတစ်ခု ရိုက်ခတ်လျက် ရှိသည်။

မြူ့ဘဝ၏ ပျော်ရွှင်စရာကောင်းသောအချိန်တွေက ဘယ်အချိန်တွေလဲဟု တွေးမိလိုက်တိုင်း ရေရေရာရာ မမှတ်မိတော့ချေ။ တကယ်တမ်း ပျော်စရာတွေက မြူ့ဆီကို ဘယ်သောအခါမှ ရောက်မလာခဲ့ဘူးဆိုတာ သေချာနေလေသောအခါ မြူကလည်း မြူ့ဘဝမှာ ပျော်စရာရယ်လို့ မရှိပါဘူးဟု ကိုယ့်ကိုယ်ကိုယ် သေချာသွားတော့သည်။

မေမေရှိစဉ်ကတော့ ပျော်စရာလိုလိုဖြစ်ခဲ့သေးသား။ သို့သော် မသေချာပါ။ မေမေရှိစဉ်ကတော့ မြူ့ဘေးမှာ မေမေတစ်ယောက်တော့ ရှိပါသေးလားဟု အားတက်ကာ ကျေနပ် နေပျော်ခဲ့သေးသည်။ ဒါဟာလည်း အစဉ်အမြဲတော့မဟုတ်။ မေမေနှင့် မြူသည် သည်အိမ်ကြီးထဲမှာ တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်ထားရင်း အနေနီးခဲ့ရသည်။ ဒါကြောင့်လည်း မေမေဟာ သူ ပြင်ဦးလွင်သွားတုန်းကတောင် မြူ့ကို သည်အိမ်မှာ မချန်ထားခဲ့ချင်လို့ ခေါ်သွားခဲ့တာပေါ့။

မေမေ့ကို မြူငယ်ငယ်တုန်းကတော့ ချစ်ခဲ့ဖူးသည် ထင်သည်။ သနားခဲ့ဖူးသည် ထင်သည်။ တကယ်လည်း မေမေဟာ သနားဖို့ကောင်းတဲ့သူပဲ။ ဖေဖေ့အရိပ်အောက်မှာ မေမေသည် သူ့ဘဝကိုသူ မြုပ်နှံပြီး နေထိုင်နိုင်ဖို့ ကြိုးစားခဲ့သည်။

mgyoe.com
SAMPLE BOOK

သားသမီးသုံးယောက်သာ မွေးလာရော မေမေ့မှာ ပိုက်ဆံကို ကိုယ်တိုင် ကိုင်သုံးရသည်ဆိုတာ မရှိခဲ့။ ဖေဖေ့ဆီမှာသာ လက်ဖြန့်ခံတောင်းသုံးရသူ ဖြစ်သည်။ မေမေသည် သူ့ဘဝကို သူ မေ့လျော့ချင်ယောင်ဆောင်ပြီး မီးဖိုချောင်ထဲမှာ အသားကျပျော်ဝင်အောင် ကြိုးစားခဲ့ရသူဖြစ်သည်။ မြူ့ငယ်ဘဝတစ်လျှောက်လုံး မေမေ့ကို မြူ မှတ်မိစွဲထင်နေသော ပုံရိပ်မှာ မီးဖိုချောင်ထဲမှာ တကုပ်ကုပ် အလုပ်ရှုပ်နေသော မေမေ့ကိုသာ ဖြစ်သည်။ မြူ မီးဖိုချောင်ထဲ ပြေးလွှား ဆော့ကစားနေသည့် အချိန်တိုင်း ဟင်းသီးဟင်းရွက်တွေ၊ သားစိမ်းငါးစိမ်းတွေနဲ့ အမြဲမပြတ် အလုပ်ရှုပ်နေတတ်သော မေမေသည် တစ်ခါတစ်ရံ သူ စိတ်လိုလက်ရရှိရင် မြူကို ငါးသလဲထိုးကြော် ချကျွေးချင် ကျွေးတတ်သည်။ မြူကလည်း ကြော်ထားခါစ ပူပူနွေးနွေး ငါးသလဲထိုးကြော် ကြွပ်ကြွပ်ကို တစ်ခါတောင်းစားရုံနှင့်လည်း အားမရ။ နှစ်ခါသုံးခါ တောင်းစားရုံနှင့်လည်း အားမရဘဲ မြူ့လက်ထဲမှာကုန်တိုင်း မေမေ့ဆီမှာ လက်ဖြန့်ခံ တောင်းနေကြဖြစ်သည်။ မြူ ခဏခဏ တောင်းဖန်များရင်တော့ မေမေစိတ်ဆိုးတတ်သည်။ သည်အခါမှာတော့ မေမေက မြူ့ကို ဆူပူတော့သည်။

"ကလေးမ ခဏခဏ လာတောင်းမနေနဲ့၊ ညည်းအဖေသာသိရင် ငါ့ကို စီးတဲ့ရေ ဆည်တဲ့ကန်သင်းမရှိတဲ့မိန်းမလို့ အပြောခံနေရဦးမယ်"

မေမေပြောသည့် စကားတွေကို မြူ နားမလည်ပါ။ မြူသည် မေမေကို ကြည့်ပြီး ရယ်၍သာနေတော့သည်။ သည်တော့လည်း မေမေက မြူကို ရုတ်ခနဲ ချစ်မြတ်နိုးစွာပွေ့ချီပြီး "အမယ်လေး မေမေ့သမီးလေး၊ ချစ်လိုက်တာ မေမေ့သမီးလေးရယ်" ဟု တတွတ်တွတ်ရွတ်ဆိုပြီး မြူ့ပါးကို အားရပါးရ နမ်းမွှေးလေသည်။ မြူသည် မေမေက ပွေ့ချီနမ်းရှုပ်တာကို မကြာခဏ ခံရပေမယ့် ဖေဖေပွေ့ချီတာမျိုးကိုတော့ မကြုံဖူးဘူးဟု ခံစားရသည်။ မြူ သေသေချာချာ မမှတ်မိတာလည်း ဖြစ်နိုင်သည်။ သို့သော် သေချာတာက ဖေဖေ့ကို မြူတွေ့တိုင်း ဖေဖေ့မျက်နှာက အမြဲလိုလို မှုန်ကုပ် တင်းမာနေတတ်သည်။ မြူ့ကို ဖေဖေ သိပ်သဘောမကျဘူးဟု မြူ ထင်ခဲ့သည်။ မြူကလည်း နည်းနည်းမာနကြီးသည် ထင်သည်။ မြူ့ကို ပွေ့ချီဖို့ ဖေဖေ့ဆီ သုံးလေးခါ ပူဆာဖူးသည်။ သို့သော် ဖေဖေက အဖက်မလုပ်ခဲ့။ သည့်နောက်တော့ မြူသည် ဖေဖေ့ကို ပွေ့ချီခိုင်းဖို့ ဘယ်တော့မှ ပူဆာတောင်းဆိုခြင်း မရှိတော့ပေ။

မြူနဲ့ မေမေသည် သည်အိမ်ကြီးထဲမှာ အရင်းနှီးဆုံးသူတွေ ဖြစ်ခဲ့ကြသည်။ မေမေသည် ဘွားဘွားနဲ့ ဘယ်သောအခါမျှ စကားအေးဆေးစွာ ထိုင်ပြောနေတာမျိုး

mgyoe.com

mgyoe.com SAMPLE BOOK

မရှိခဲ့ပေမယ့် ဘွားဘွားကတော့ မေမေ့ကိုမြင်တိုင်း တစ်ခုမဟုတ်တစ်ခု ပြောဆိုနေတာကို မြူ တွေ့ရတတ်သည်။ ဘွားဘွား ပြောတာဆိုတာကိုလည်း မေမေက မကြားရသည့်သဏ္ဍာန် သူ လုပ်စရာရှိတာကို အေးဆေးစွာ လုပ်နေတတ်သည်။ တစ်ခါတစ်ခါတော့ မေမေသည် စိတ်လိုက်မာန်ပါ ဒေါသတကြီး တစ်ခွန်းစနှစ်ခွန်းစတော့ ပြောတတ်လေ ည်။ သည်အခါကျရင်တော့ ဘွားဘွားသည် သူ့ရင်ဘတ်ကို သူဖိကာ သူ့မျက်လုံးကျဉ်းကျဉ်းလေးတွေကို ပိုပြီးပြူးကျယ်အောင် အဆမတန်ပြူးပြလျက် ငိုချင်းချနေတော့သည်။ ညနေ ဖေဖေ ဈေးကနေ အိမ်ပြန်ရောက်လာလျှင်တော့ ဖေဖေနဲ့ မေမေတို့၏ ရန်ပွဲကို အရုပ်ကလေးတွေနဲ့ ကစားနေသည့်မြူက ကြားရတတ်သည်။ သည်အခါတိုင်း မြူသည် ကစားနေရာကနေ ရပ်ကာ မေမေ့တို့ဆီ ပြေးသွားတတ်သည်။ ဖေဖေနဲ့ ရန်ဖြစ်တိုင်း မေမေငိုတတ်တာ မြူ သိတော့ မေမေ့ကိုချော့မလို့ သွားခြင်းဖြစ်သည်။ ဖေဖေက မြူ့ကိုမြင်လျှင် ကျားဟိန်းသလို ဟိန်းအော်လိုက်သည်။

"နင်က ဘာလာလုပ်တာလဲ၊ ကလေးနဲ့မတန်၊ သွား အခုထွက်သွား"

မြူသည် ဒေါသထန်နေသော ဖေဖေ့မျက်နှာကြီးကို ကြည့်ပြီး ကြောက်လည်း ကြောက်သည်။ ဖေဖေ့ အသံကြောင့်လည်း တစ်ကိုယ်လုံး တုန်သွားပြီး နေရာမှပင် ပြေးထွက်သွားမိသည်။ ရင်တလှပ်လှပ် တုန်နေသည့်ကြားထဲက ဖေဖေ့ကိုလည်း မုန်းကာ ဘွားဘွားကိုလည်း ဘာကြောင့်မုန်း မသိ ချစ်၍မရပေ။ မီးဖိုချောင်ထဲက မေမေ့အသံကတော့ မြူ့ဆီကို လွင့်ပျံ့ရောက်လာနေသည်။

"ရှင့်အမေက ကိုယ့်နေရာကို ကိုယ်မနေဘူး၊ နေရာတကာ အဲသလို လိုက်ပြောနေလို့ကတော့ ကျွန်မနဲ့ ဘယ်တော့မှ တည့်မှာမဟုတ်ဘူး၊ ရှင့်အမေက အသက်သာကြီးပြီး အချိန်ကို မစီးဘူး"

ဖြောင်းခနဲ အသံတစ်သံကြားရပြီးနောက် တိတ်ဆိတ်သွားသည်။ ထိုအချိန်မှာ မြူ ပိုပြီး ကြောက်ရွံ့သွားလေသည်။ မေမေ့ဆီက အသံကို မကြားရတော့။ မေမေ့အသံကို မကြားရတော့ မြူ မေမေ့အတွက် ပိုပြီး စိုးရိမ်တကြီး ဖြစ်လာသည်။ မြူ ရှေ့က ကစားစရာအရုပ်ကလေးတွေမှာ မြူ့မျက်စိထဲ ဝေဝါးသွားလေသည်။

မေမေပြောသည့် အသက်သာကြီးပြီး အချိန်မစီးဘူး ဆိုသည့်စကားကို မြူ သေသေချာချာ နားမလည်ပေမယ့် ထိုစကားက ဘွားဘွားကို ရည်ညွှန်းမှန်းကိုတော့ ကောင်းကောင်းသိနေပြီ။ ထို့ကြောင့်လည်း မြူက ဘွားဘွားနဲ့ စိတ်မကျေမနပ်ဖြစ်သည့် အခါတိုင်း ကလေးပီပီ ထိုစကားကိုသာ ရေရွတ် သုံးတတ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သည်စကားကြားတိုင်းလည်း ဘွားဘွား ဆွေ့ဆွေ့ခုန်သွားတတ်သည်။ ပြီးလျှင် မြူ့ကို မဲ့ကာရွဲ့ကာ မကျေမချမ်း ရေရွတ်တတ်သည်။

"အရိုင်းအစိုင်းမ၊ မအေ့သမီး မအေလိုလာမယ့်ဟာလေး" တဲ့။

မေမေပြောသလိုပင် ဘွားဘွားသည် အသက်သာကြီးသွားပေမယ့် ဘယ်သောအခါမျှ မရင့်ကျက်လာမှန်း မြူ နောက်မှ သိလာခဲ့ရသည်။ တကယ်တော့ ဘွားဘွားဒေါ်ကြည်ကြည်သည် ဘိုးဘိုးရှိစဉ်ကလည်း ဘိုးဘိုးကို ကြောက်ခဲ့ရသလို အခု သားဖြစ်တဲ့ ဖေဖေ့ကိုလည်း သား ပြုငြင်မှာကြောက်သည့်စိတ်နဲ့ သားမျက်နှာကို အရိပ်တကြည့်ကြည့် ကြည့်ကာ နေရသူဖြစ်သည်။ သား၏ချစ်ခြင်းမေတ္တာကို လက်လွှတ်မခံလိုစိတ်ဖြင့် သားစိတ်ကျေနပ်အောင် သားအလိုကျ နေထိုင်သူဖြစ်သည်။ မြူကတော့ ဘွားဘွားကိုကြည့်ကာ စိတ်ပင်ပန်းနွမ်းလျလှသည်။ ကိုယ်၏ရှင်သန်နေထိုင်မှုအတွက် အခြားတစ်ယောက်ယောက်အပေါ် မှီခိုနေရတာ ဘယ်လောက်များ ပင်ပန်းလိုက်ပါသလဲ။

ဒါကြောင့်လည်း မေမေဟာ ဖေဖေ့လက်ထဲကနေ လွတ်မြောက်အောင် ဖန်တီးကြိုးစားယူခဲ့သည် ထင်သည်။ မေမေက မီးဖိုချောင်ထဲကနေ ထွက်ပြီး အလှပြင်ဆိုင်ဖွင့်ဖို့ တစ်ယောက်တည်း ကြိတ်စီစဉ်ခဲ့သည်။

မေမေက ဖေဖေနဲ့ မယူခင်အချိန်အထိ အလှပြင်ဆိုင်ဖွင့်ခဲ့သည်ဟု ဆိုသည်။ မေမေသည် အပျိုဘဝတုန်းက ခေတ်ဆန်ဆန် လှလှပပ ပြင်ဆင်ခြယ်သကာ နေခဲ့ပေမယ့် ဖေဖေနဲ့လက်ထပ်ပြီးကတည်းက ဘာမှ မပြင်မဆင်တော့ဘဲ ရိုးရှင်းစွာ နေခဲ့သူဖြစ်သည်။ မေမေ ဘယ်လောက်တောင် မပြင်မဆင်ဘဲ နေသလဲဆိုရင် သမီးဖြစ်သည့် မြူ့ကိုတောင် မေမေက သမီးမိန်းကလေးရယ်လို့ လှလှပပ မပြင်မဆင်ဘဲ သည်အတိုင်းသာထားသည်။ မြူဝတ်သည့် အကျႌကလေးတွေမှာ ကိုကြီးနဲ့ ကိုငယ်တို့၏ ယောကျ်ားရှပ်အကျႌ အကျလေးတွေ အများစုပါသည်။

ထိုနေ့ကတော့ မေမေ့ကို ဆန်းပြားစွာ မြင်တွေ့လိုက်ရသောနေ့လည်း ဖြစ်သည်။ အခန်းထဲက မေမေ ထွက်လာတော့ မြူသည် မေမေ့ကို ရုတ်တရက် မမှတ်မိချေ။ သို့သော် မေမေ့အပြုံးကို မြင်တော့ မြူသည် ပေါးခနဲ အော်မိကာ ဘာကြောင့်မှန်း မသိ ပျော်သွားမိသည်။ မြူ့ကို ပွေ့ချီလိုက်သည့် မေမေ့ဆီက မွှေးရနံ့သည် သင်းနေကာ မြူသည် မေမေ့မျက်နှာကို လိုက်လံ နမ်းရှုပ်မိသည်။ ပြီး မေမေ့မျက်နှာပေါ်က အပြင်အဆင်အခြယ်အသကိုလည်း မြူက စူးစမ်းစိတ်ပါမိသေးသည်။ မေမေက မြူ့အပြုအမူတွေကို ကြည့်ပြီး လှစ်ခနဲပြုံးကာ ရယ်မောသွားော

mgyoe.com

mgyoe.com SAMPLE BOOK

ကျနေသည်။ မေမေ့ကြည့်ရတာ လေထဲမှာ ပျံဝဲတော့မည့် ငှက်ငယ်လို လွတ်လပ်ရွှင်မြူးနေလေသည်။ ထိုစဉ်ခဏ ဖေဖေ့ဆီကအသံသည် မြူနဲ့ မေမေ၏အပြုံးကို လွင့်စင်သွားအောင် တိုက်ခတ်လိုက်လေသည်။

"မင်း ဒါ ဘာလုပ်တာလဲ သက်သက်"

"ကျွန်မ ဆိုင်ဖွင့်လိုက်ပြီ ကိုပန်းဝေ၊ မေမေတို့က ကျွန်မကို အစအဆုံး ကူညီပေးထားတယ်၊ အခု ကျွန်မ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ဖို့ ကြိုးစားတော့မယ်"

"နေစမ်းပါဦး၊ မင်းက ဆိုင်ဖွင့်တာတောင် ငါ့အသိမပေးဘူး၊ ပြီးတော့ မင်းအနေနဲ့ အလှပြင်ဆိုင်ဖွင့်ပြီး စီးပွားရှာရအောင် မင်းကိုငါက မပြည့်မစုံထားနေလို့လား၊ မင်း ဘာလိုချင်တာလဲ၊ မင်းလိုချင်တာ ပြော၊ အခုလိုဆိုင်ဖွင့်ပြီး စီးပွားရှာတယ်ဆိုတာက ငါ့ကို မင်း သက်သက်အရှက်ခွဲတာပဲ၊ မင်းဆိုင်ဖွင့်မှာကို ငါ လုံးဝ သဘောမတူဘူး"

"ရှင် သဘောမတူလည်း ကျွန်မကတော့ ကျွန်မလမ်း ကျွန်မဆက်လျှောက်ရမှာပဲ၊ လူတစ်ယောက် ကိုယ့်ဘဝကို ကျေနပ်ပြည့်စုံနိုင်ဖို့ဆိုတာ ကိုယ့်ကိုယ်ကိုယ် အားကိုးမှရမယ်ဆိုတာ ကျွန်မ သိသွားပြီ ကိုပန်းဝေ၊ ရှင့်ဆီက ကျွန်မ ဘာကိုမှ မမျှော်လင့်တော့ဘူး"

"ဒါဆိုရင် အိမ်က မီးဖိုချောင်ကိစ္စကို ဘယ်သူလုပ်မလဲ"

"ဒါကတော့ ရှင့်အမေ တစ်ယောက်လုံး ရှိနေတာပဲ၊ ကျွန်မ ဘာလုပ်လုပ် ရှင့်အမေက စိတ်တိုင်းမှမကျတာ၊ အခု သူ့စိတ်တိုင်းကျ သူ လုပ်ချင်တာလုပ်လို့ ရပြီလေ"

သည်တစ်ခါတော့ ဖေဖေ၏တောက်ခေါက်သံသည် မေမေ့ကို မတားဆီးနိုင်တော့ပေ။ အဲသည့်အချိန်က မေမေ လှမ်းသည့် ခြေလှမ်းသည် မြူတို့နဲ့ အဝေးဆုံးကို ရောက်အောင်လှမ်းမည့် ပထမဆုံးခြေလှမ်းမှန်း မြူ ကြိုတင်တွက်ဆဖို့ သိနားမလည်ခဲ့သေးပေ။ မြူမှာတော့ မေမေဆိုင်ဖွင့်သည့် အချိန်မှစ၍ မေမေနဲ့အတူနေရသည့်အချိန်တွေ ရှားပါးလာကာ ပိုပြီးလည်း အထီးကျန်ဆန်လာလေသည်။ မေမေ အိမ်မှာမရှိတော့ ဘွားဘွားအတွက် ဆိုရပြောရမည့်သူသည် မြူ ဖြစ်လာခဲ့သည်။ ဘွားဘွားသည် ကိုကြီးနဲ့ကိုငယ်ကို အလိုလိုက်လွန်းသလောက် မြူ့ဆိုရင် ဆော့ရင်လည်း ဆော့ပြန်ပြီ။ စားရင်လည်း စားပြန်ပြီနဲ့ နေရာတကာ တဖျစ်တောက်တောက် ပြောလွန်းသည်။ ဘွားဘွားသည် မြူ့ကို ဘယ်တော့မှ ကြည်ဖြူနှစ်လိုခြင်း မရှိခဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ဖေဖေကလည်း ထိုနည်းအတူပင်။

ဖေဖေတို့ ဘွားဘွားတို့၏ သမီးမိန်းကလေးနဲ့ ပတ်သက်ပြီး မြင်သည့် အမြင်က တော်တော်လေး အစွန်းရောက်လွန်းသည်။ သမီးမိန်းကလေးဆိုတာ မိဘမောင်ဘွားတွေကို အရှက်ခွဲမည့်သူ၊ စိတ်ဆင်းရဲဒုက္ခပေးမည့်သူဟု ဆိုသည်။ အိမ်မှာ သမီးမိန်းကလေးရှိရင် လာဘ်တိတ်တယ်တဲ့။ မြူက သည်စကားတွေကို ငယ်စဉ်က ကောင်းစွာ နားမလည်ပေမယ့် မြူ့ကို မကောင်းကြောင်း ပြောတာကို မြူ့နှလုံးသားနုနုက ခံစားထိရှမိတာ သူတို့တွေ ဘယ်သိပါ့မလဲ။ ဘွားဘွားကိုလည်း မြူ အံ့ဩသည်။ ကိုယ်တိုင်က မိန်းမ မဟုတ်သလိုလိုနဲ့ မိန်းမတွေဘက်က ဘယ်လိုမှ နာတတ်ခြင်း မရှိ။ လင်ယောကျ်ားနဲ့ သား ပြောတာကို ဘယ်တော့မဆို ခုခံငြင်းဆန်ခြင်း မရှိဘဲ အင်းသာ လိုက်နေတတ်ခဲ့သည်။ ဘိုးဘိုးသည် သမီးမိန်းကလေးကို မလိုချင်ဘဲ ရခဲ့ပြီး ထိုသမီးက ဘိုးဘိုးသဘောမတူသည့် ယောကျ်ားနဲ့ ခိုးရာလိုက်ပြေးရာက ဘဝပျက်ပြီး တစ်ရပ်တစ်ရွာမှာ ဆုံးပါးခဲ့သည်။ မြူသည် မြူ့အဒေါ်ကို မြင်တွေ့ခွင့်မရလိုက်ဘဲ အကြားနဲ့တင် သနားကြင်နာ ပိုခဲ့မိသည်။

ဘွားဘွားသည် မြူ့ကို ဘယ်တော့မှ အလွတ်မပေးဘဲ စောင့်ကြည့်တတ်သည်။ ပြီးရင်တော့ မြူ့ကို မပြီးနိုင်မစီးနိုင် တတွတ်တွတ် ပြောဆိုနေလေတော့သည်။ ကြာတော့ မြူသည် ဘွားဘွားနဲ့ မျက်နှာချင်းဆိုင်ရမည်ကို ကြောက်လာသည်။ မျက်နှာချင်းဆိုင်လိုက်တာနဲ့ ဘွားဘွားသည် မြူ့ကို ဦးကျိုးအောင် အရင်ဦးဆုံး ချိုးနှိမ်ထားတတ်လေသည်။

တကယ်တမ်းတော့ မေမေသည် သူ လွတ်ရာလွတ်ကြောင်းလောက်ကိုသာ ဖွေရှာပြီး ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။ မြူတို့ကို တစ်ချက်ကလေးလောက်တောင်မှ စောင်းငဲ့ကြည့်ခြင်း မရှိတာကို မြူ ပြန်တွေးတိုင်း အမြဲတစေ ရင်နာရသည်။ မေမေသည် အရင်ကထက် ပိုပိုပြီးလှလာသလို ပိုပြီးတော့လည်း အိမ်ပြင်ထွက်တတ်လာသည်။ မေမေ လှလာတာကို မြူ ကျေနပ်သဘောကျသော်လည်း မြူ့ဘေးမှာ ရှိမနေပေးတာကိုတော့ မကျေနပ်ပေ။ ညတိုင်း မြူ့ကို သီချင်းဆိုပြီး ချော့သိပ်နေကျ မေမေ့သီချင်းသံကို မြူ မကြားရတာကြာပြီ။ ဖေဖေကလည်း မေမေ့ကို စကား ဟက်ဟက်ပက်ပက် မပြောတော့။ မေမေ့ကို စကားမပြောတော့ပေမယ့် မြူကို ဖေဖေ စကားတွေ အများကြီး ပြောလာသည်။ ဖေဖေ ပြောလာသည့် စကားတွေက ထူးဆန်းစွာ မေမေ့မကောင်းကြောင်းတွေချည်း ဖြစ်နေခဲ့သည်။

"သမီး မေမေက သမီးတို့ကို ဖေဖေ ချစ်သလို မချစ်ပါဘူး၊ သမီးတို့ကို

mgyoe.com

mgyoe.com SAMPLE BOOK

မချစ်လို့ ဖေဖေ့စကား နားမထောင်ဘဲ သမီးတို့ကို ပစ်ထားပြီး သူ လုပ်ချင်တာ လုပ်တာ၊ စီးပွားရှာတယ်ဆိုတာ တကယ်တော့ အလကားပါ၊ သူ ကိုယ်တိုင်က လမ်းထွက်ချင်လို့ အကြောင်းရှာတာ"

ဖေဖေက မေမေ့အကြောင်းတွေ ပြောလာတိုင်း မြူသည် ဝန်းဝိုင်းသော မျက်လုံးလေးတွေနဲ့ ချာချာလည်လျက် နားထောင်ခဲ့သည်။ သို့သော် ထိုနေ့ညနေ မေမေ အိမ်ပြန်ရောက်လာရင်တော့ မြူသည် မေမေ့ကို အကပ်မခံတော့ပေ။ မေမေ ပွေ့ချီတာကိုလည်း လက်မခံ။ သည်တော့ မေမေက မြူ့ကို နားမလည်သည့်ဟန် စူးစမ်း စူးစိုက်စွာကြည့်သည်။ "သမီး ဘာဖြစ်တာလဲ၊ မေမေ ဘာလုပ်လို့လဲဟင်၊ မေမေ့ကို မချစ်တော့ဘူးလား" ဟု ကြေကွဲစွာ ရေရွတ်တော့သည်။ မေမေ ထိုသို့ ရေရွတ်လိုက်သံသည် အရာရာအားလုံးကို ဆုံးရှုံးလိုက်ရသည့်သူတစ်ဦး၏ နာကျင်မှုလို အက်ကွဲ ကြေမွနေသည်။ မြူသည် တစ်စုံတစ်ယောက်ကို ချစ်ဖို့ခက်သလောက် နာကြဉ်းဖို့တော့ လွယ်ကူလေသည်။

❑

မေမေသည် သမီးကို ချော့ဖို့အတွက် သမီးကြိုက်နှစ်သက်ရာလေးတွေကို တယုတယ လုပ်ပေးလာတတ်သော်လည်း သူ့ဆိုင်ကိုတော့ တစ်ရက်မပြတ် သွားနေကျအတိုင်း သွားနေလေသည်။ ဘာပဲပြောပြော ဖေဖေ့ထက်စာရင် မေမေက မြူ့အလိုကို လိုက်တတ်သဖြင့် မြူသည် မေမေ့ကို အရင်ကလောက် စိတ်မပျက်တော့ပေ။ မေမေသည် မြူ့ကို မိန်းကလေးနဲ့တူအောင်၊ မိန်းကလေးလိုလှအောင် ပြင်ဆင်ဝတ်စားပေးလာသည်။ မေမေ ဝယ်လာသည့်ဂါဝန်လေးတွေ၊ ကလစ်လေးတွေ၊ ခေါင်းစည်းကွင်းကလေးတွေကို မြူ နှစ်သက်စုံမက်တတ်လာခဲ့သည်။ မေမေ့ မျက်နှာလို လှအောင်ခြယ်ဖို့ကိုလည်း ပူဆာတတ်ခဲ့သည်။ မေမေက မြူ့ကို မအေတူ သမီးမို့ ပိုပြီး ယုယကြင်နာလာသည်ဟု မြူထင်မိသည်။ မေမေ့ကိုကြည့်ရတာလည်း အရင်ကထက် ပိုပြီး ရွှင်ပျပြုံးပျော်လာသလို ရှိသည်။ မေမေ့ပြောသလို ကိုယ့်ခြေ ထောက်ပေါ် ကိုယ်ရပ်တည်လာနိုင်သဖြင့် မေမေ့မှာ အနှောင်အဖွဲ့တွေကနေ လွတ်မြောက်သွားသည့်ဟန် ပေါ့ပါးကြည်စင်နေသည်။ သို့သော် ဖေဖေနဲ့ကတော့ ဝေးသထက် ဝေးလာခဲ့သည်။ ဘယ်လောက်တောင် ဝေးသွားသလဲဆိုရင် ပြန်မဆုံနိုင်တော့လောက်အောင် ဝေးလာကြောင်း မကြာခင် မြူတို့ သိလာရလေသည်။

ထိုနေ့က မြူ့အတွက် ကံဆိုးမိုးမှောင်ကျသည့် နေ့တစ်နေ့ ဖြစ်သည်။ အို... မြူတစ်ယောက်တည်းမှ မဟုတ်ပါဘူး။ ကိုကြီးတို့၊ ကိုငယ်တို့သာမက ဖေဖေ့

mgyoe.com

mgyyoe.com

အတွက်လည်း ကံဆိုးမိုးမှောင်ကျသည့်နေ့ပါပဲ။ ထိုနေ့က နေ့ခင်းနေ့လယ် ဖေဖေ အိမ်မပြန်လာစဖူး အိမ်ပြန်ရောက်လာတော့ ဖေဖေ့မျက်နှာ ဒေါသထန်နေတာကို တွေ့ရသည်။ မြူက ဖေဖေ၏ ရှစ်ခေါက်ချိုးမျက်နှာကို မြင်ဖူးနေကျဖြစ်ပေမယ့် သည်နေ့လောက် ဖေဖေ့မျက်နှာ နီရဲနေတာကို မမြင်ဖူးခဲ့ပေ။ မြူက မုန်တိုင်းတိုက်တော့မှာကို ကြိုတင်သိစိတ်ဖြင့် ရှောင်လွှဲဖို့ ကြိုးစားပေမယ့် မြူဘယ်လိုမှ ပြေးလို့မလွတ်နိုင်အောင် မုန်တိုင်းက မြူ့ဆီ ဝုန်းခနဲ ဝင်ဆောင့်လေသည်။

"ဟိုကောင်မ လင်နောက်လိုက်သွားပြီ မေမေ"

အံကြိတ်ကာ ပြောလိုက်သော ဖေဖေ့စကားသည် မြူ ရပ်တည်နေရာ ကမ္ဘာမြေကြီးကို ချာချာလည်သွားစေသည်။ ဘွားဘွားသည် အိုဟု ရေရွတ်လျက် နားတွေကို ယောင်ယမ်းပိတ်လိုက်လေသည်။ မြူက ဖေဖေ့စကားကို ဘာကြောင့်မှန်းမသိ ချက်ချင်းပင် နားလည်လိုက်ကာ ဖေဖေ့ရှေ့မှာ ထိုင်ချလိုက်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်မိလေသည်။ ပြီးတော့ မြူသည် မေမေ့ကို ပြန်ခေါ်ပေးဖို့ ဖေဖေ့ကို ချက်ချင်းပင် ငိုငိုယိုယို ပူဆာမိလေသည်။

"မေမေ့ကို ပြန်ခေါ်ပေး၊ မေမေ့ကို ပြန်ခေါ်ပေး"

ဖေဖေသည် မြူ၏ တညည်းညည်း တညူညူ အော်ငိုသံအကြားတွင် ပို၍ပင် ဒေါသထွက်လာကာ ကျားဟိန်းသလို ဟိန်းအော်လိုက်လေသည်။

"တိတ်စမ်း၊ အာပြဲကြီးနဲ့ အော်ငိုမနေနဲ့၊ နင့်အမေက နင့်တို့ကိုမေ့ပြီး အခုလောက်ဆို သူ့လင်နဲ့သူ ပျော်နေလောက်ပြီ၊ နင်က အမေတတုန်းရှိသေး"

မြူ့ငိုသံသည် တစ်ဝက်တစ်ပျက်နဲ့ပင် တစ်ဆို့သွားကာ အသံမထွက်ဘဲ ကြိတ်ရှိုက်လိုက်သည်။ ထိုအခါကျမှ မြူရင်ထဲတွင် ဝမ်းနည်းအားငယ်စိတ်တွေ ကြီးမားလာပြီး ပိုပြီးလည်း အော်ဟစ်ငိုကြွေးချင်လာသည်။ သို့သော် ဖေဖေ့ကို ကြောက်သည့်စိတ်နဲ့ မြူသည် လည်ချောင်းထိ တစ်ဆို့ဝမ်းနည်းလာစိတ်ကို မကြာခဏ ပြန် ပြန်မျိုချနေရသဖြင့် မြူအသံက တအစ်အစ်နဲ့သာ ထွက်လေသည်။ ဘွားဘွားကတော့ သူ့အသံစာစာနဲ့ ထုံးစံအတိုင်း ပြောလို့ဆိုလို့ ကောင်းနေတုန်းပင် ရှိသေးသည်။

"လမ်းပေါ်ထွက်ချင်တဲ့ ကောင်မပဲ၊ ဒီလမ်းပဲ သွားမှာပေါ့၊ ဒီကောင်မ ဒီယုန်မြင်လို့ ဒီချုံထွင်တာ ငါအစကတည်းက သိသားပဲ၊ ပြောပြန်ရင်လည်း ငါကပဲ မကောင်းရှိဦးမယ်၊ ဒါကြောင့်မို့ မပြောဘဲနေတာ၊ အခုတော့ ငါထင်တဲ့အတိုင်းဖြစ်ပြီ၊ မောင်ပန်းဝေရဲ့ မင်းဟာမက ကောင်းကိုမကောင်းတာဆိုတာ ငါ အစက မပြောဘူး

mgyyoe.com

mgyoe.com SAMPLE BOOK


လား"

"တော်ပါတော့ အမေရယ်၊ စိတ်ညစ်ရတဲ့ကြားထဲ"

ဖေဖေ အော်လိုက်မှပင် ဘွားဘွားအသံ တိတ်သွားသည်။ ဖေဖေသည် လက်နှစ်ဖက်ထဲ မျက်နှာထည့်လျက် အကြာကြီး ငြိမ်သက် တိတ်ဆိတ်နေသည်။ ထို့နောက် ရုတ်ခနဲပင် နေရာမှထလျက် အိမ်ထဲမှတဖန် ပြေးပြေးလွှားလွှား ပြန်ထွက်သွားသည်။ မြူသည် မေမေ့ကိုယ်စား ဘွားဘွား၏ အထင်သေးအမြင်သေး မျက်လုံးများအောက်တွင် တစ်ယောက်တည်း သိမ်ငယ်စွာ ကျန်ရစ်ခဲ့ရသည်။ ဘွားဘွားပြောတာ သည်းမခံနိုင်သည့်အဆုံးမှာ မြူသည် အခန်းထဲကို ပြေးထွက်လာခဲ့သည်။ ထိုနေ့က မြူသည် မေမေ့ကို ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးဟု အောက်မေ့လျက် ညအိပ်မက်များပင် မက်လိုက်သေးသည်။ အိပ်မက်က ချောက်ချားစရာ ကောင်းလွန်းလို့ မြူသည် အိပ်ရာထဲမှာပင် ငိုလျက်နေသည်။ အရင်လို မြူ တစ်ရေးနိုးလို့ အပေါ့အပါးသွားချင်ရင် မေမေ ရောက်လာတတ်ပေမယ့် ထိုနေ့ညကတော့ မေမေ မြူ့ဆီကို ရောက်မလာနိုင်တော့ပေ။

သို့သော် အံ့ဩစရာကောင်းစွာပင် မေမေသည် နောက်တစ်နေ့ နေ့လယ်တွင် မြူ့ဆီကို ရောက်လာခဲ့သည်။ ထိုနေ့က မြူသည် ဒုတိယတန်း မြန်မာစာဖတ်စာအုပ်ထဲက အရုပ်များကို စိတ်ဝင်တစား လှန်လောကြည့်ပြီး စာလုံးများကို တစ်လုံးချင်းစီ အသံထွက် ရွတ်ဆိုကြည့်နေချိန်ဖြစ်သည်။ မြူရှေ့ကို မေမေ ရုတ်တရက် ရောက်လာတော့ မြူသည် လက်ထဲက စာအုပ်ကို ပစ်ချခဲ့ပြီး မေမေ့ထံ ပြေးသွားသည်။ မေမေ့မျက်နှာ ညှိုးငယ်နေတာကို သတိထားမိသည်။ မေမေသည် မြူကို ပွေ့ချီလိုက်ပြီး မြူ့ပါးကို နမ်းသည်။ မြူ့ပါးပြင်မှာ တစ်စုံတစ်ရာ စွတ်စွတ်စိုသွားသည်။ အို... မေမေ ငိုနေတာလား။

"သမီး မြူ မေမေနဲ့ လိုက်မလားဟင်"

မေမေနဲ့သာဆိုရင် မြူ ဘယ်ကိုပဲ လိုက်ရလိုက်ရ လိုက်ချင်သည်။ မြူက ဘာမှန်း ညာမှန်းမသိ ခေါင်းညိတ်လိုက်သည်။ ထိုအချိန်တွင် ဧည့်ခန်းထဲကို ဘွားဘွား ရောက်လာသည်။

"ဟင်...ညည်း၊ ညည်း ဘာလာလုပ်တာလဲ"

မေမေသည် ဘွားဘွားနဲ့ မျက်နှာချင်းဆိုင်လိုက်သည်။ မေမေနဲ့ ဘွားဘွားတို့၏ အပြန်အလှန် အကြည့်များသည် စူးရှ ခက်ထန်နေကြသည်။ မေမေက အောက်နှုတ်ခမ်းကို သွားဖြင့် မသိမသာခဲထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်မ သမီးကို ကျွန်မ လာခေါ်တာ"

"အမယ်လေး၊ ခေါ်သွားပါတော်၊ ခေါ်သွားပါ။ ကျုပ်တောင် နားအေးသေး"

မေမေသည် ပြောပြီးပြီးချင်း မြူကို ပွေ့ချီလျက်က ချာခနဲ လှည့်ထွက်လိုက်သည်။ သို့သော် ဘွားဘွား၏ အသံက မြူတို့နောက်ကို ထက်ကြပ်မကွာ လိုက်ပါလာသေးသည်။

"အမယ်လေး၊ မယ်မင်းကြီးမ ထွက်သွားပြီးရင် ပြန်လှည့်မလာနဲ့ဟေ့၊ ငါ့အိမ်ရိပ်တောင် နင် လာမနင်းနဲ့ မိန်းမပျက်ရဲ့"

ဘွားဘွား ဘယ်သို့ဆိုစေ မြူသည် မေမေနဲ့အတူ ရှိပြီဖြစ်၍ မြူ့စိတ်ထဲမှာ လုံခြုံနွေးထွေးလျက်ရှိပြီ။ ထို့နောက် မြူသည် မေမေနဲ့အတူ ကားအကြာကြီး စီးရသည်။ သို့သော် ကားပေါ်မှာ မြူနဲ့ မေမေနဲ့ နှစ်ယောက်တည်းတော့မဟုတ်။ မြူတစ်ခါမှ မမြင်ဖူး မတွေ့ဖူးသည့် ဦးလေးကြီးတစ်ယောက်လည်း ပါသည်။ ထိုလူကြီးက မေမေ့ပခုံးကို ဖက်လျက်တစ်မျိုး၊ မှီလျက်တစ်မျိုး လိုက်လာသည်။ တစ်ချက်တစ်ချက် မေမေ့လက်ကို ကိုင်ထားလိုက်သည်မှာလည်း အကြာကြီးပင်။ မြူတောင် မနာလို ဖြစ်မိသေးသည်။ သူ့မျက်နှာမှာ မုတ်ဆိတ်ကျင်စွယ်တို့ ထိုးထိုးထောင်ထောင်ထွက်လျက်ရှိပြီး မျက်လုံးတွေက နီရဲနေကြသည်။ ဖေဖေ့လောက် ကြည့်မကောင်းသည့်သူက မေမေ့အနားမှာ ရောက်နေတာကို မြူ နားမလည်ပါ။ မေမေကလည်း ထိုသူနှင့် မျက်နှာချင်းထိလုမတတ်ဆုံကာ စကားတွေပြောပြီး ကြည်ကြည်နူးနူး ရယ်ပွဲဖွဲ့နေသည်။ မြူသည် အခုလို ကားတစ်ခါမှ မစီးစဖူး အကြာကြီးစီးရတာကို ပျော်လည်း ပျော်သည်။ မေမေ့အနားမှာ ထိုလူကြီး ရှိနေတာကိုလည်း သဘောမကျဖြစ်ကာ စိတ်လည်းညစ်သည်။

ကားသည် တောင်တွေကို တစ်တောင်ပြီးတစ်တောင် ကွေ့ပတ်တက်လာရာ နံဘေးဝန်းကျင်တွင် မဆုံးနိုင်သည့်တောင်တွေကို ငေးကြည့်ပြီး မြူ မူးလာကာ ခေတ္တအိပ်ပျော်သွားသည်။ အိပ်နေချိန် ခဏလေးမှာတင် မြူသည် နီရဲခက်ထန်နေသည့် ဖေဖေ့မျက်နှာကို အိပ်မက် မက်သည်။ မြူ လန့်နိုးလာတော့ မေမေနဲ့ ထိုလူကြီးသည် တစ်ယောက်ကိုတစ်ယောက် ဖက်လျက် အိပ်ပျော်နေကြသည်။ မြူ့ရင်ထဲမှာတော့ ဝမ်းနည်းလွတ်ဟာလိုက်သည့်ဖြစ်ခြင်း။

မေမေ့နောက်ကိုလိုက်လာပြီး မေမေနဲ့ ပျော်ရမည်ကြံပေမယ့် တကယ်တမ်း မေမေသာလျှင် အပျော်ဆုံးဖြစ်နေတာကို တွေ့ရသောအခါ မေမေ့ကို မြူ

mgyoe.com

mgyoe.com SAMPLE BOOK

ရင်နာသည်။ မေမေနဲ့ ထိုလူကြီးသည် (မေမေကတော့ မိတ်ဆက်ပေးပါသည်။ သမီး ဦးလေးတဲ့၊ ဦးသီဟအောင်တဲ့) မြူကို ဘေးမှာထားကာ မိုးမမြင်လေမမြင် ပျော်နေတာကို ကြည့်ပြီး မြူကတော့ ရယ်ရမလား၊ ငိုရမလား မသိတတ်နိုင်အောင် ဖြစ်နေရသည်။ မေမေ့မျက်နှာသည်လည်း အမြဲပင် အပြုံးပန်းပွင့်နေကာ မြူ သိခဲ့ဖူးသည့်မေမေမှ ဟုတ်ပါလေစဟု မြူသည် မေမေ့ကို တစ်ခါတစ်ခါ ကြောင်ကြောင်ကြီး ငေးကြည့်မိသည်။ မြူကတော့ မြူရောက်နေသည့် ပတ်ဝန်းကျင်အသစ်မှာ အရာရာကို စူးစမ်းလေ့လာနေပြီး မှတ်သားတတ်အောင် ကြိုးစားနေရင်းက ဖေဖေ့ကို လွမ်းလာသလို ဖြစ်မိသည်။ မြူ့မှာ တစ်ယောက်တည်း ငိုင်တွေးပြီး ငေးနေရုံသာ ရှိသည်။ မေမေ့မှာ ဦးသီဟနဲ့ အချိန်ပြည့် ယှဉ်တွဲပူးကပ်လျက်ရှိပြီး မြူ နားမလည်သည့် စကားတွေကို တတွတ်တွတ် ပြောနေကြသည်။ သူတို့ စကားပြောပုံတွေက မြူကြားနေကျ စကားတွေလို မဟုတ်ဘဲ နုနုအီအီဖြစ်နေကြ၍ မြူနားမှာ ထောင့်တောင့်တောင့်ကြီးဖြစ်နေကာ ခါးသက်သလိုပင် ဖြစ်လာသည်။

မြူတို့ ငှားနေသည့် အိမ်လေးက ပျဉ်ထောင် တစ်ထပ်အိမ်လေးဖြစ်ပြီး အိမ်ရှေ့ခြံဝင်းကလေးမှာ ပန်းရောင်စုံတို့ ပွင့်ဖူးနေကြသည်။ မြူက သည်လို ပန်းရောင်စုံတွေရှိနေတာကို အလွန် သဘောကျနေတတ်ပြီး ခြံကလေးထဲမှာပဲ ဆင်းကာ ဆော့ကစားနေကျ ဖြစ်သည်။ မေမေ့မှာ ဦးသီဟနဲ့ နီးနီးကပ်ကပ် အမြဲ ရှိနေသဖြင့် မေမေ့အနား မြူ ကပ်ခွင့် မသာသည့်အချိန်တိုင်းတွင် မြူအတွက် အဖော်ဆိုရင် ပန်းကလေးတွေသာ ရှိသည်။ ဦးသီဟကလည်း တစ်ခါတစ်ခါ မြူ့ကို မုန့်ဖိုးပဲဖိုးလေး ပေးပြီး ခြံထဲဆင်းကာ သွားကစားခိုင်းတတ်သည်။ သည်အခါတွင် မေမေက ဦးသီဟကို မချိုမချဉ် ပြုံးကြည့်တတ်ကာ မြူ့ကိုလည်း ခြံထဲဆင်းဖို့ ခွင့်ပြုတတ်သည်။ ပြင်ဦးလွင်ကို ရောက်ပြီး လေးငါးလကြာသည့်တိုင်အောင် မေမေနဲ့ ဦးသီဟသည် အေးဆေးစွာပင် နေလိုက်ကြသည်မှာ မြူအကြောင်း စကားစပ်၍ပင် မပြောကြပေ။ နောက်တော့ မေမေက သမီးကို ကျောင်းအပ်ရဦးမယ်ဟု ဆိုလာချိန်တွင် ဦးသီဟက နောက်နှစ်ကျမှ ကျောင်းအပ်ဖို့ ဆိုလေသည်။

"ဘာလုပ်မှာလဲကွာ၊ ကျောင်းထွက်လက်မှတ်ယူဦး ဘာဦးနဲ့ ကြာဦးမှာ နောက်နှစ်မှ ကျောင်းပြန်ထားကြတာပေါ့ သက်ရယ်"

"သက်မှာ ပါလာတာတွေလည်း ကုန်ခါနီးနေပြီ ကို၊ ပိုက်ဆံရှာမှ ဖြစ်တော့မယ်"

မေမေက အလုပ်ပြင်ဆိုင်ဖွင့်ဖို့ပြင်ဆင်နေချိန်တွင် ဦးသီဟက မကြာမကြာ

mgyoe.com

mgyoe.com

အိမ်ပြင်ထွက်နေသည်။ မြူကတော့ ဖေဖေ့ကို လွမ်းလာသလိုလို၊ ကျောင်းကိုပဲ လွမ်းလာသလိုလိုနဲ့ ဝေဒနာတစ်မျိုးမျိုးက မြူ့စိတ်ကို ညှိုးမှိုင်းအောင် ခြယ်မှုန်းပေးနေသည်။ မြူသည် မေမေ့ကို ကြည့်ရင်းကြည့်ရင်း မေမေနဲ့ မရင်းနှီးတော့သလိုလို မေမေနဲ့ ဝေးနေရသလိုလို မြူ့စိတ်ပုံရိပ်မှာ မေမေ့အရိပ်တွေက မှုန်ဝါးလာသည်။

မိုးစက်ဖွဲဖွဲကျနေသည့်တစ်ည မြင်ကွင်းကတော့ မြူနဲ့ မေမေ့ကို ကန့်လန့်ကာ ခြားစေလိုက်ခြင်းဖြစ်သည်။ ညလယ်သန်းခေါင်ယံချိန်ကြီး မြူ တစ်ရေးနိုးလာသည်ဆိုလျှင် မြူ့အပေါ့အပါးသွားဖို့ နိုးလာခြင်းသာ ဖြစ်သည်။ ထိုညကတော့ မြူနိုးလာသည်မှာ အပေါ့အပါး သွားချင်တာထက် မြူ့နားထဲမှာ ကြားရသည့် မကောင်းဆိုးဝါးအသံတွေကြောင့်သာဖြစ်သည်။ ပထမတော့ မြူက မြူ အိပ်မက် မက်နေသည်ဟု ထင်မိသည်။ သို့သော် မြူနိုးလာချိန်တွင် တကယ်ပဲမကောင်းဆိုးဝါးအသံကို ခပ်သဲ့သဲ့ ကြားရသည်။ မြူသည် မြူနံဘေးကို စမ်းကြည့်လိုက်ရာ ခေါင်းအုံးကိုသာ စမ်းမိသည်။ မေမေ…မေမေရော။ မြူသည် ချက်ချင်းပင် ဝေါက်ခနဲ ထထိုင်ကာ မေမေ့နေရာကို လှည့်ကြည့်လိုက်သည်။ မေမေ့နေရာမှာ မေမေ့ကို မတွေ့။ မြူ့ရင်ထဲတွင် စိုးထိတ်သွားသည်။ ထိုအချိန်မှာ မြူသည် ကြောက်သည့်စိတ်ကြောင့်လား၊ ဘာလားမသိ အပေါ့အပါး သွားချင်လာသည်။ အပေါ့သွားဖို့ မေမေ့ကို ခေါ်ရမယ်။ မေမေ ဘယ်မှာလဲ။ မြူ အိပ်ရာခုတင်ထက်မှ ဆင်းကာ အခန်းထဲမှ ထွက်လိုက်သည်။ ဩော်…မကောင်းဆိုးဝါးအသံ။ အခန်းထဲက ထွက်လိုက်တော့ သည်အသံကို ပိုပြီး ကြားလာရသည်။ မြူသည် အမှောင်ထဲမှာ စမ်းတဝါးဝါး လျှောက်သည်။ မြူ ခြေတစ်လှမ်း လှမ်းတိုင်း မကောင်းဆိုးဝါးအသံက ပို ပိုပြီး ကျယ်လာသည်။ မြူသည် အခန်းတစ်ခန်းရှေ့မှာ မီးရောင်လဲ့လဲ့ လင်းဖြာနေတာကို တွေ့ရတော့ အားတက်သွားသည်။ အခန်းတံခါးက ပွင့်လျက်နေသည်။ ထို့အပြင် ထိုအခန်းထဲကပင် မကောင်းဆိုးဝါး အသံတွေကို ကြားရလေသည်။ မြူသည် ကတုန်ကယင်ဖြင့် ထိုအခန်းဆီ တိုးကပ်သွားရာ အခန်းထဲမှ မေမေ့အသံကို အရင်ကြားရသည်။ မေမေ့အသံက အသက်ရှူ မောဟိုက်နေသည့် ညည်းသံ။ မေမေ့အသံနှင့်အတူ နောက်ထပ်အသံ တစ်သံကလည်း ညည်းညူ ရောထွေးလျက်ရှိသည်။ မြူသည် မေမေ့အသံကို ကြားရတော့ အလျင်အမြန်ပင် ပြေးသွားသည်။ သို့သော် အခန်းတံခါးပေါက်ရှေ့ ရောက်တော့ မြူ့ခြေလှမ်းတွေကို အဘယ်အင်အားတွေက ဆွဲရပ်တန့်စေလိုက်သည် မသိ။ မြူသည် ဗြုန်းခနဲ ကြောင်အ ငေးနေမိသည်။ အခန်းထဲရှိ ခုတင်ပေါ်တွင် လူနှစ်ယောက်သည် အဝတ်မပါ ဗလာကိုယ်တည်းဖြင့်

mgyoe.com

တစ်ယောက်ကိုတစ်ယောက် ပူးကပ်ထပ်ညှပ်နေကြသည်။ သူတို့ခန္ဓာကိုယ်တွေမှာ အငြိမ်မနေ။ လှိုင်းလို တွန့်ခေါက် လှုပ်ရှားယိမ်းထိုးကာ ရုန်းကန်နေကြသည်။ မြို့သည် ထိုပုံသဏ္ဌာန်နှစ်ခုကို ရပ်ကာ ငေးကြည့်နေရာမှ ရုတ်တရက် မေမေ့မျက်နှာကို မြင်တွေ့လိုက်ရသောအခါ မေမေဟု လွှတ်ခနဲ ထွက်သွားသည်။ သို့သော် မြို့ရင်ထဲမှာ တစ်ဆို့နင့်သည်းနေသဖြင့် မြို့အသံသည် လည်ချောင်းထဲတွင် ပျောက်ကွယ်သွားသည်။ မေမေ့ကိုကြည့်ရတာ စိတ်မသက်မသာ ရှိလှသော်လည်း မြို့သည် မေမေ့ကို ဘယ်လို ကယ်တင်ရမှန်း မသိအောင် ကြောက်ရွံ့တုန်လှုပ်မိကာ နေရာမှာပင် တောင့်တောင့်ကြီး ရပ်နေမိသည်။ ထို့နောက် မြို့သည် အခန်းနံရံကိုမှီကာ အသံမထွက်ဘဲ တသိမ့်သိမ့် ငိုကြွေးမိလေသည်။ မြို့ ဘာကြောင့်ငိုမိမှန်းလည်း မြို့ကိုယ်မြို့ မသိတတ်နိုင်တော့ပါ။ ငိုကြွေးရင်းပင် မြို့သည် မြို့ကိုယ်မြို့ မထိန်းနိုင်တော့ဘဲ နေရာမှာပင် ရှုးပေါက်ချမိလေသည်။

မြို့ရင်ထဲတွင် မေမေသည် အစိတ်စိတ်အမြွာမြွာကွဲကြေသွားသလို နာနာကျင်ကျင် ထိထိရှရှ ခံစားရလေသည်။

❑

မြို့နဲ့ မေမေကြားမှာ ထူထဲမြင့်မားသော တံတိုင်းကြီးခြားသွားပြီး တဖြည်းဖြည်း ဝေးကွာသထက် ဝေးကွာလာတော့သည်။ မြို့သည် မေမေ့အနားမကပ်တော့။ မေမေ့မျက်နှာကို မြင်တိုင်း မေမေ မဟုတ်သလိုခံစားရကာ တစ်ညက အဖြစ်အပျက်ကို ပြန်ပြီးမြင်ယောင်ပြီး မေမေ့ကို ရွံရှာမိသလိုလို ဖြစ်မိသည်။ မြို့တစ်ခါမှ မတွေ့ဖူးသည့် မေမေ့ပုံစံကို တွေ့လိုက်ရတော့ မြို့စိတ်ထဲ နောက်ကျိ ရှုပ်ထွေးသွားသည်။ အဝတ်မဲ့နေသော မေမေ့ခန္ဓာကိုယ်ကို ပြန်ပြီး မြင်ယောင်မိတိုင်း မြို့ ဘယ်တုန်းကမှ စိတ်သက်သက်သာသာ မရှိခဲ့ရပေ။ မြို့သည် ညတစ်ရေးနိုးလာမည်ကိုလည်း ကြောက်ရွံ့တတ်လာသည်။ အရင်ညတွေတုန်းက မြို့ဘေးမှာ မေမေ အိပ်နေကျဟု ထင်ခဲ့သည်။ အခုတော့ ညတစ်ရေးနိုးလာလျှင် မေမေ့ကို မတွေ့ရဘူးဆိုတာ တင်ကြို သိနေရုံမက မကောင်းဆိုးဝါးအသံကြီးကိုလည်း ကြားရမည်စိုးကာ ထိတ်လန့်နေမိသည်။ မြို့အတွက် ကူကယ်စရာ မရှိခဲ့။ မြို့သည် သန်းခေါင်ယံအချိန်တိုင်း မနိုးပါစေနဲ့ဟုသာ ဆုတောင်းမိပြီး နိုးလာသည့်အချိန်တွင်လည်း အပေါ့သွားချင်သည့်စိတ်ကို အမြဲထိန်းချုပ် အောင့်အီးနေခဲ့သည်။ မြို့တစ်ကိုယ်လုံး ချွေးစေးများပျံနေပြီး ပိုးတဝါးကြားနေရသည့် မကောင်းဆိုးဝါးအသံကြီးကို မကြားရအောင် နားပိတ်ထားမိသည်။ တစ်ခါတစ်ခါ မြို့သည် အိမ်ကြီးထဲကနေ ပြေးထွက်ဖို့ ကြိုးစားမိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့သော် မြူ အိမ်အပြင်ထွက်ရမည်ဆိုလျှင် မေမေတို့နေသည့် အခန်းရှေ့ကနေ ဖြတ်သွားရမည်။ မြူ ဘယ်လို စိတ်အင်အားမျိုးနဲ့ ထိုအခန်းရှေ့ကနေ ဖြတ်ရပ့ါမလဲ။ အဝတ်မဲ့နေသော မေမေ့ခန္ဓာကိုယ်ကို မြူ နောက်တစ်ကြိမ် မြင်တွေ့ဖို့ရာ အလွန်အမင်း ကြောက်ရွံ့တတ်လာသည်။ ထိုသို့ တွေ့မြင်ရမည်ကို တွေးကြည့်မိရုံနဲ့ပင် မြူ သွေးပျက် ချောက်ချားခဲ့ရလေသည်။

မြူသည် မေမေ့ကို ရွံ့တွန့်တွန့် ဖြစ်သွားရုံသာမက ဦးသီဟ မြူ့အနားကပ်တာကိုတောင် လက်မခံတော့ပေ။ သူ့ကိုမြင်တိုင်း မေမေ့ကိုပါ ယှဉ်တွဲမြင်ယောင်လျက် ရင်ထဲတွင် ခါးသက်သွားသည်။ ဦးသီဟက မြူ့ကို ပါးတို့ခေါင်းပုတ်လုပ်တိုင်း မသန့်ရှင်းသောလက်ဖြင့် ထိတွေ့လိုက်ရသလို မြူ့ခန္ဓာကိုယ်မှာ အညစ်အကြေးစွန်းထင်းသွားသည့်ဟန် ထင်ခဲ့သည်။ မြူ ထိုသို့ ရှောင်ဖယ်ရှောင်ဖယ် လုပ်နေတာကို ဦးသီဟကလည်း သတိထားမိနေပြီး သူ့မာနကို ထိပါးသွားသည် ထင်သည်။ မေမေ့ကို ဒေါနဲ့မောနဲ့ ကမူးရှူးထိုး ဆူပွက်တော့သည်။

"ငါက နင့်သမီးလေးကို ချစ်လို့စတာကို နင့်သမီးက ငါ့ကိုများ မကျေမချမ်းကြည့်နေလိုက်တာ၊ မဟုတ်ရင် ငါကပဲ သူ့ကို မဟုတ်တာတစ်ခုခု လုပ်တော့မှာလိုလို၊ ငါက ဖအေအရင်း မဟုတ်ပေမယ့် သူ့ဖအေလောက်တော့ ကောင်းနိုင်ပါသေးတယ်ဟာ"

"အဲသလိုတော့လည်း မဟုတ်ပါဘူး ကိုသီဟရယ်၊ သမီးက သူ့ဘာသာသူ အေးအေးနေတတ်တာ ရှင်လည်း သိသားပဲ"

မေမေက ပြေလည်အောင် ဖြောင်းဖျပေမယ့် ဦးသီဟက မကျေမနပ်နဲ့ ဒေါသတကြီး ထွက်သွားသည်။ မေမေသည် ဦးသီဟ ထွက်သွားသည့်နောက်ကို ငေးနေပြီးမှ အတွေးတွေ တသီတတန်းကြီး ရှည်ထွက်ဟန် မြူ့ကို မျက်တောင်မခတ်အကြာကြီး စိုက်ကြည့်နေသည်။ မေမေ့အကြည့်တွေက ထူးဆန်းရှည်ကြာလွန်းသဖြင့် မြူသည် မခံနိုင်တော့ဘဲ မေမေ့ရှေ့မှ ပြေးထွက်ခဲ့ပြီး ခြံထဲဆင်းလာသည်။ မြူ့မှာ တစ်နေ့တစ်နေ့ ခြံထဲဆင်းပြီး ပန်းပွင့်လေးတွေကို ငေးကြည့်လိုက် ခြံထောင့်က ပိတောက်ပင်ကြီးမှာ လာခိုနားသည့် ငှက်ကလေးတွေကို မော့ကြည့်လိုက်နဲ့ အချိန်ကုန်ရသည်။ ပန်းတို့၏ရနံ့သည် ချိုအေး ကြည်မွေ့သလောက် ငှက်တို့၏ တေးသံသည် သာယာနာပျော်ဖွယ် ကောင်းလှသည်။ သို့သော် ဖေဖေ၊ မေမေတို့၊ ဘွားဘွားတို့မှာ ပန်းတွေ ငှက်တွေလို ဘာကြောင့် ချိုမွေ့ပြုံးအေးသည့်သဏ္ဍာန် မရှိရတာလဲဟု မြူက တိတ်တဆိတ် တွေးမိငေးမိရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မြူသည် တစ်စတစ်စ အိမ်ကို လွမ်းလာသည်။ ဖေဖေ့ကို လွမ်းတာလား၊ ကိုကြီးတို့၊ ကိုငယ်တို့ကို လွမ်းတာလား ရေရေရာရာ မသိပေမယ့် မြူ မေမေနဲ့ နေရတာ မပျော်တော့တာကိုတော့ သိသည်။ မေမေကလည်း မြူ့ကိုဆိုရင် အရင်လို အနားကို ကပ်ပွေ့မထားတော့။ မေမေသည် မြူ့ကို အဝေးကနေပင် တိတ်တဆိတ် ကြည့်ပြီး အနီးရောက်လာလျှင် မျက်နှာလွှဲထားသည်ဟု မြူက သတိပြုမိနေသည်။ မေမေသည် မြူ့ကို စကားမဆိုတော့ဘဲ အလှပြင်ဆိုင်ထဲမှာပင် အလုပ်ရှုပ်နေ တော့သည်။ မေမေသည် သူတစ်ပါးလှပဖို့ကိုတော့ အစွမ်းကုန်ခြယ်သသလောက် သူ့ကိုယ်သူတော့ ဘာမှ မပြင်မဆင်ဘဲနေသည်။ မေမေ့ရုပ်ခံက တစ်စုံတစ်ရာ အပေါ်မှာ ကျပ်ခဲထွေပြားနေသလို ရင့်ရင့်မာမာဖြစ်နေသည်။ မေမေ့ရုပ်သွင်သည် တစ်နေ့တခြား ပြောင်းလဲ ပျက်ပြားလာသည်။ မေမေ့မှာရှိသည့် အလှအပတွေကို တစ်စုံတစ်ယောက်က ခွာချပစ်လိုက်သလို နွမ်းလျရော်ရင့်နေသည်။ မေမေ့ခန္ဓာ ကိုယ်သည် တဖြည်းဖြည်း ပိန်ချုံးလာပြီး မျက်တွင်းလည်း အညိုအမည်းစွဲနေသဖြင့် မြူက မေမေ့ကို ကြည့်ပြီး အံ့အံ့သြသြဖြစ်လျက်ရှိသည်။

သို့နှင့် မြူက မေမေ့ကို အံ့သြတွေဝေဆဲမှာပင် မမျှော်လင့်ဘဲ အိမ်သို့ ပြန်ရလေသည်။ သည်တစ်ခေါက် အိမ်ကို ပြန်ရသည့်အခါတွင် မြူတို့ဘေးမှာ ဦးသီဟ ပါမလာသည့်အတွက် မြူက ကားပေါ်မှာပင် မေမေ့ကို အချိန်ပြည့်ဖက်တွယ် ထားခွင့်ရလေသည်။ မေမေကလည်း သမီးကို သည်တစ်ခါလောက် ဘယ်အချိန်တုန်း ကမှ အရှူးအမူး မဖက်တွယ်စဖူး ဖက်တွယ်ထားလိုက်သည်မှာ လက်ပင်မလွှတ်တော့။ မေမေ့မျက်ဝန်းထဲတွင် မျက်ရည်စတို့ ရှိဝေသည်ကို တွေ့ပြန်တော့ မြူမှာ ဝေတေတေ ဖြစ်ရသည်။ မြူကိုဖက်ထားသည့် မေမေလက်တွေက တင်းခိုင်နေသဖြင့် မြူ့လက် မောင်းတွေပင် နာလာအောင့်လာသည်။

အိမ်သို့ရောက်သော် ဖေဖေ၊ မေမေတို့နှင့်အတူတူ နေပြီး ပျော်ရွှင်ရမှာလား ဆိုသော အတွေးသည် ကလေးအတွေးပင်ဖြစ်ကြောင်း သိရသည်။ အိမ်တံခါးဝမှာပင် မမြင်မတွေ့ရတာကြာပြီဖြစ်သော ဘွားဘွားကိုမြင်တော့ ရွှင်ပျနေသောမြူ့စိတ်က အရာရာကို မေ့လျော့သွားကာ ဘွားဘွားကို ပြုံးပြဖို့ ဟန်ပြင်လေသည်၊ သို့သော် ထန်မာန်နေသော ဘွားဘွားမျက်နှာကိုမြင်တော့ ကလေးစိတ်နဲ့ ရွှင်နေသော မြူ မျက်နှာပေါ်က အပြုံးသည် ရုတ်ခြည်းပင် လွင့်ပျောက်ပြေးသွားလေသည်။

"စဉ်းစားမရပါဘူးအေ၊ ညည်းမို့ ငါ့အိမ်ရိပ်ကိုလာနင်းတာ၊ ဘာလဲ အခု ညည်းဒုက္ခရောက်လာပြီမို့လား၊ ညည်းလင်က ညည်းကို ကန်ချလိုက်ပြီမို့လား"

mgyoe.com

mgyoe.com SAMPLE BOOK

ဘွားဘွား ဘယ်လိုမျက်နှာနဲ့ ဘယ်သို့ပင်ပြောပြော မေမေသည် မြူ့ကို ပွေ့ချီလျက်က မားမားမတ် မတ်ရပ်ကာ ငြိမ်သက်စွာနေသည်။ မေမေသည် အိမ်ထဲကို ဟိုဟိုသည်သည် ဝေ့လည်ကာ ရှာသည်။ အိမ်ထဲမှ ဖေဖေ ပြေးထွက်လာသည်။ ဖေဖေ့မျက်နှာမှာ ဒေါသနဲ့ နာကြည်းမှုတို့ ဝေစီလျက် မေမေ့ကို မျက်လုံးစိမ်းတွေနဲ့ ကြည့်လေသည်။ မေမေသည် ဖေဖေ့မျက်နှာကိုသာ တစ်စူးငေးငေးကြည့်လျက် နှုတ်ခမ်းမှ အသံထွက်ရုံသာ ပြောလေသည်။

"ကျွန်မ ကျွန်မ သမီးကို လာပို့တာ၊ သမီးကို ဂရုစိုက် စောင့်ရှောက်ပါ ကိုပန်းဝေ၊ သားတို့ကိုလည်း ပြောပေးပါ၊ မေမေ့ကို ခွင့်လွှတ်ပါလို့"

မေမေသည် ဖေဖေ့ထံမှ ချက်ချင်းပင် မျက်နှာလွှဲလိုက်ကာ ပွေ့ချီထားသော မြူ့ကို မျက်ရည်စက်လက်နဲ့ အငမ်းမရ နမ်းသည်။ သည်တစ်ကြိမ်လောက် မေမေ့ မျက်ရည်ဖြိုင်ဖြိုင် မကျဖူးခဲ့။ သည်တစ်ကြိမ်လောက် မြူ့ကိုနမ်းသည့် အနမ်းသည် စွဲမြဲနစ်မျောခြင်း မရှိခဲ့။ မေမေငိုတော့ မြူလည်း ငိုသည်။ မေမေ့မျက်ရည်နဲ့ မြူ့ မျက်ရည် ကူးလူး စိုစွတ်သွားပြီး နှစ်ယောက်စလုံး၏ ပါးပြင်မှာ မိုးရေစွတ်ထား သည့်နှယ် ရွဲရွဲစိုသွားတော့သည်။

ဖေဖေသည် မေမေ့လက်ထဲမှ မြူကို ဆွဲယူလိုက်ပြီးနောက် အံကြိတ်ကာ အသံတိမ်တိမ်နဲ့ ရေရွတ်လိုက်သည်။

"မင်းလောက်မိုက်မဲတဲ့မိန်းမ ရှိမယ်တောင် မထင်တော့ဘူး၊ အေးပေါ့ ကွာ၊ မိန်းမတွေပဲ"

ဖေဖေက စကားကို ပြီးပြည့်စုံအောင် မပြောတော့ပေ။ သို့သော် ဖေဖေ့ရဲ့ မိန်းမတွေပဲဆိုသော စကားသည် ဝါးလုံးရှည်နဲ့သိမ်းကျုံးရမ်းလိုက်သည့် စကားမှန်း၊ မိန်းမတွေကို ကိုယ့်အောက်ကလူအဖြစ် ရှုတ်ချလိုက်သောစကားမှန်း မြူ ကြီးရင့်မှ သိနားလည်လာရလေသည်။

မေမေသည် ဖေဖေ့ကို နောက်ဆုံးအနေနဲ့ တစ်ချက်ပြုံးကြည့်လိုက်သည်။ မေမေ့အပြုံးကို မြူကိုယ်တိုင် အခုအချိန်ထိအောင် ဝေခွဲ၍ မတတ်နိုင်သေး။ မေမေ့ အပြုံးက ကြေကွဲမှုန်ဝေနေသလောက် လှပဝင့်ဝါနေလေသည်။

မြူ့မှာတော့ ဖေဖေ့ရင်ခွင်ထဲ ရောက်ရုံရှိသေး မေမေ့ကို ခွဲရပြန်သည်။ မြူမျက်စိအောက်တွင်ပင် မေမေ ထွက်သွားသည်ကို မြူ အစအဆုံး မြင်လိုက်ရသည်။ မြူသည် ငိုကြွေးခြင်းသည်သာ တတ်နိုင်သည်။ သည်တစ်ခါတော့ မြူသည် ကလေး တို့၏ မျှော်လင့်ခြင်းမျိုးမရှိသည်မှာ ထူးခြားသည်။ မြူ့စိတ်ထဲမှာ မေမေဘယ်တော့မှ

mgyoe.com

mgyoe.com SAMPLE BOOK

ပြန်ရောက်မလာနိုင်တော့ဘူးလို့ မသိစိတ်က အလိုလိုနေရင်း သိမြင်နေသောကြောင့် ဖြစ်သည်။

❑

မြူကလေးဘဝတစ်လျှောက် ထပ်ပြန်တလဲလဲ မက်သည့်အိပ်မက်သည် တစ်ခုတည်းသာ ဖြစ်သည်။ ထိုအိပ်မက်က မေမေနဲ့ပတ်သက်သည့် အိပ်မက် ဖြစ်သည်။ အိပ်မက်ထဲမှာ မြူသည် မေမေ့နောက်ကိုလိုက်ရန် ကားစီးဖို့အတွက် ကားဂိတ်သို့ဆင်းရာ ကားသည် မြူ့ရှေ့မှာတင်ထွက်သွားပြီး မြူက ကားနောက်ကို မမီမကမ်း ပြေးလိုက်ပေမယ့် ဘယ်သောအခါမှ ကားမမီချေ။ မြူမှာ ပင်ပန်းမောဟိုက်စွာသာ ကျန်ရစ်ခဲ့သည်။ ထိုအိပ်မက်ကို မြူ ထပ်တလဲလဲ မက်သည်။ မက်သည့်အချိန်တိုင်းလည်း မြူသည် ကားမမှီဘဲ မောပန်းစွာပင် ကျန်ရစ်ခဲ့ရတာချည်းသာ။ ထိုအိပ်မက်ကို စွဲမြဲတာရှည်စွာ မက်ပေမယ့် မြူရင်ထဲ ဘာတွေ ဘယ်လိုရှိမည်မှန်း အချိန်အတန်ကြာသည်အထိ မှန်းဆဝေခွဲရခက်ခဲ့အောင် ဖေဖေ့အရိပ်သည် မြူ့အပေါ်မှာ လွှမ်းမိုးထားနိုင်ခဲ့သည်။

ဖေဖေသည် မေမေမရှိတော့သည့်အခါ မြူကိုအရင်ကထက် ပိုပြီးဂရုစိုက်လာသည် ထင်ခဲ့မိသည်။ သို့သော် ဖေဖေ၏ဂရုစိုက်မှုမှာ သမီး၏လိုအင်ကို ဖြည့်ဆည်း ဂရုစိုက်ပုံမျိုး မဟုတ်မူဘဲ သူလိုရာ ပုံသွင်းနိုင်အောင် ထိန်းကွပ်ကြပ်မတ်မှုမျိုး ဖြစ်သည်။ မြူက ဒါတွေကို သိနားလည်လှတာ မဟုတ်ဘဲ ဖေဖေ မြူအပေါ် ဂရုစိုက် ကြင်နာလာသည်ရယ်လို့ ထင်မှတ်မိကာ ဖေဖေ၏မသိမသာ အရိပ်လွှမ်းမိုးလာမှုကို ခံယူမိမှန်းမသိ ခံယူခဲ့မိသည်။

ဖေဖေသည် မြူ့မေမေအကြောင်း မေးသည့်အခါတိုင်း တစ်ခွန်းတည်းသာ ဖြေသည်။

"သမီးမေမေက သမီးတို့ကိုချစ်တာ မဟုတ်ဘူး၊ သူက ဘယ်သူ့ကိုမှလည်း မချစ်ဘူး၊ သူက သူ့ကိုယ်သူသာ ချစ်တာ၊ သူ့ကိုယ်သူချစ်လို့ ဖေဖေတို့၊ သမီးတို့ကို ထားပစ်ခဲ့တာပဲ ကြည့်လေ၊ ဒီတော့ သမီးက ကိုယ့်ကို မချစ်တဲ့သူတစ်ယောက်ကို ဘာအကြောင်းကြောင်းနဲ့မှ အချိန်ကုန်ခံပြီး တမ်းတနေစရာ မလိုဘူး၊ သမီးတို့ မေမေက သူ့ဘဝနဲ့သူ ပျော်လို့ သမီးတို့ဆီ ပြန်လာဖို့ စိတ်တောင်ကူးမိမှာမဟုတ်ဘူး၊ သိပ်ကို အတ္တကြီးတဲ့ မိန်းမ၊ သိပ်ကို တစ်ကိုယ်ကောင်းဆန်တဲ့မိန်းမ"

သိပ်ကို အတ္တကြီးတဲ့မိန်းမ၊ သိပ်ကို တစ်ကိုယ်ကောင်းဆန်တဲ့မိန်းမတဲ့လား။ ဖေဖေသည် မေမေ့အကြောင်းပြောလျှင် မြူ နားစွဲအောင် ထိုစကားကိုသာ မကြာ

mgyoe.com

mgyoe.com SAMPLE BOOK

မကြာ ထုတ်ဖော်ပြောတတ်သည်။ ထိုသို့ ပြောတိုင်းလည်း ဖေဖေ့အသံတွေ တုန်ခိုက် ခက်မာနေတတ်သည်။ ဖေဖေက မေမေ့ကို အဲသည်လိုပြောလေလေ မြူက မေမေ့ကို စိတ်နာလာလေလေနဲ့ နောက်ဆုံးမှာတော့ မေမေ့အကြောင်း မကြားချင်လောက်အောင် မေမေ့ကို မုန်းချင်လာလေသည်။ ဖေဖေ့အမုန်းကနေ မြူ့အမုန်း ဖြစ်သွားလောက်အောင် မြူ လက်ခံယူလိုက်ရသည့် နေ့တစ်နေ့ကိုလည်း မြူ ကောင်းကောင်း မှတ်မိသည်။

ထိုနေ့က မြူ လပတ်စာမေးပွဲတွင် အဆင့်တစ်ရသောနေ့ ဖြစ်သဖြင့် ကျောင်းမှာ ဝမ်းသာပျော်ရွှင်ခဲ့ရသလောက် အိမ်ရောက်တော့ မမျှော်လင့်သည့် သတင်းဆိုးကို ကြားရသည်။ တကယ်တော့ မြူသည် ကျောင်းမှာ စာတော်သူ တစ်ယောက်တော့ မဟုတ်ပါ။ သို့သော် မြူသည် စာတော်ဖို့ အမြဲတစေ ကြိုးစားတတ်သူတစ်ယောက် ဖြစ်သည်။ အတန်းထဲမှာ မြူ အဆင့်တစ်မှ တစ်ဆယ့်အတွင်း မကြာခဏ ဝင်တတ်သည်။ တစ်ခါတစ်ခါ မြူစိတ်လေလို့ စာဘက် သိပ်အာရုံမရလျှင် တစ်ဆယ့်အောက်ကို လျှော့ကျသွားတတ်သည်။ သို့သော် မြူမှာ တစ်ကနေ သုံးအတွင်း အဆင့်တစ်ခါမှ မရဖူးပေ။ မြူက အဆင့်တစ်ကို လိုချင်လှပေသိ အဆင့်နှစ်၊ အဆင့်သုံးလောက်နဲ့လည်း ကျေနပ်နိုင်သူဖြစ်သည်။ မြူ အဆင့်တစ်ကနေ သုံးအတွင်းဝင်အောင် ကြိုးစားပေမဲ့ မြူပဲ ကံမကောင်းတာလား၊ ဘာလားမသိ။ အဆင့်တစ်ကနေသုံးအတွင်း ရနေကျသူတွေချည်းသာ တစ်လှည့်စီရနေကျသည်။ မြူကတော့ တစ်ခါမှ ထိုအဆင့်ထဲ မဝင်ဖူးပေ။

ထိုလကတော့ မြူအတွက် အံ့သြစရာကောင်းသည့်လ ဖြစ်ခဲ့သည်။ ရီပို့ကတ်ဒ်တွေဝေတော့ မြူသည် အဆင့်တစ် ဖြစ်နေသည်။ အခန်းထဲကကျောင်းသားကျောင်းသူတွေက မြူကို အံ့အားတသင့်ကြီး ဝိုင်းကြည့်နေကြသဖြင့် မြူမှာ မျက်နှာအထားရခက်ခဲ့ပြီး ရှက်သွေးလည်း ဝေခဲ့သည်။ စိတ်ထဲမှာတော့ နေလို့ကောင်းလှသည့်အပြင် ကိုယ့်ဘဝကိုလည်း ကျေနပ်အားရရှိခဲ့ရသည်။ မြူကို ဘယ်နေရာမဆို အထင်သေးတတ်သည့် ဘွားဘွားကို သည်ရီပို့ဒ်ကတ်ပြပြီး မြူ တော်ကြောင်း ကြွားချင်လာသည်။ ဖေဖေသာ သိရင်လည်း သိပ်ဝမ်းသာမှာပဲ။

မြူသည် ရီပို့ဒ်ကတ်လေးကို စာအုပ်ကြားထဲ သေချာညှပ်သိမ်းပြီး အိမ်သို့ ပြန်လာရာ ခြံဝင်းထဲကနေ ထွက်သွားသည့် လူတစ်ယောက်ကို တွေ့တော့ လှမ်းနေသည့်ခြေလှမ်းများပင် ရပ်တန့်သွားသည်။ ဟင်...ဦးသီဟ။ ဦးသီဟက မြူကိုမမြင်။ ဦးသီဟ သည်ကို ဘာလာလုပ်တာလဲ။ မေမေကော မပါဘူးလား။ မြူ့ရှေ့ကနေ

mgyoe.com

mgyoe.com SAMPLE BOOK

ငိုက်စိုက်ငိုက်စိုက်နဲ့ ကျောခိုင်းထွက်သွားသည့် ဦးသီဟကို လှမ်းငေးကြည့်ရင်း မေမေ့ကို သတိရသည်။ သို့သော် ရင်ထဲမှာ တစစ်စစ် နာနေသည်။ မြူသည် ခပ်သုတ်သုတ်ပင် အိမ်ထဲ လှည့်ဝင်လိုက်သည်။

မြူ အိမ်ထဲရောက်တော့ ဘွားဘွားအသံက မြူကို ဆီးကြိုလိုက်လေသည်။

"ပြန်လာပြီလားမြူ နင့်အမေတော့ သေပြီဟဲ့၊ သေပြီ၊ သေတာတောင် အသေဆိုးနဲ့ သေတာဟဲ့၊ လူကြားလို့တောင် မကောင်းဘူး၊ ငါတို့သားအမိတွေ မျက်နှာကို ဓားနဲ့ဟက်တက် ခွဲသွားတာ"

အို... မြူရင်ထဲ လျှောင်လှုပ်သွားသလို သွက်သွက်ခါသွားသည်။ မြူသည် ဧည့်ခန်းမှာ ထိုင်နေကြသည့် ဖေဖေနဲ့ ဘွားဘွားတို့၏ မျက်နှာကိုကြည့်ပြီး ရုတ်တရက် စကားဆိုမရ။ ကြောင်အစွာ ငေးရီနေမိသည်။ ကိုကြီးနဲ့ ကိုငယ်ကလည်း တိတ်ဆိတ်စွာထိုင်လျက် မျက်နှာမကောင်းကြ။ ဖေဖေက မြူကို မျက်လုံးသေဖြင့် တစ်ချက်မော့ကြည့်ပြီး ဘွားဘွားစကားကိုပင် ထပ်မံအတည်ပြုနေသည်။

"ဟုတ်တယ် သမီး၊ သမီးမေမေ သေပြီ"

ဖေဖေက သတင်းကြေငြာသလို အသံဖြင့် ပြောသည်။ မြူကတော့ ငိုချင်လာသည်။ ရင်ထဲတွင် ရုတ်တရက် တစ်ဆို့ဝမ်းနည်းလာသည်။ သို့သော် ဖေဖေ့ အသံအကြားမှာတင် ထွက်ဖို့ပြင်နေသော မြူငိုသံသည် ရုတ်ခြည်းတန့် သွားသည်။

"ငါ့သားတွေ ငါ့သမီးတွေကို ဖေဖေ ပြောမယ်၊ သားတို့ သမီးတို့မေမေ သေတာ ဘာမှဝမ်းနည်းစရာ မရှိဘူး၊ သူ့မိုက်ပစ် သူ့ဟာသူ ခံသွားရတာပဲလို့ မှတ်ပါ၊ ဒီလိုမကောင်းတာလုပ်ရင် မကောင်းတာဖြစ်မှာပဲ"

"မေမေ၊ မေမေက ဘာလို့ သေရတာလဲဟင် ဖေဖေ"

"ဘာနဲ့သေရမှာလဲ သမီးရယ်၊ လေးလုံးရောဂါနဲ့ပဲပေါ့၊ ယောကျ်ားတကာနဲ့ နေတဲ့ မိန်းမပျက်ပဲ၊ ဒါပဲ ဖြစ်မှာပေါ့"

ဖေဖေက မစင်အညစ်အကြေးတစ်ခုလို မေမေ့ကို ရွံ့ရှာစက်ဆုပ်စွာ ပြောဆဲ။ ဘွားဘွားက ဖေဖေ့ကို ဆတ်ခနဲ လှည့်ကြည့်သည်။ ထို့နောက် ဘွားဘွားကပါ ဖေဖေ့စကားကို ထောက်ခံသလိုနဲ့ ရှုံ့မဲ့ပြပြန်သည်။ ကိုကြီးက ရုတ်တရက် ထထွက်ပြေးသည်။ မြူသည် ဖေဖေ့ကိုကြည့်ကာ ဖေဖေ့အပေါ်မှာ မသနားစဖူး သနားမိသည်။

လေးလုံးရောဂါ...။ ဒီမှာက ရောဂါနာမည်ရင်းကို မပြောချင်ကြဘဲ ဒီလိုပဲ ပြောတတ်ကြသည်။ ဒါ ဘာရောဂါလဲဆိုတာ ကျောင်းမှာ သင်ဖူးကြားဖူးနေကျ

mgyoe.com

mgyoe.com SAMPLE BOOK
မြူက သိနေသည်။ သေရင်တောင် နာမည်ဆိုးလှသည့် ရောဂါ။ ဒီရောဂါက မကောင်းတဲ့ ယောက်ျား၊ မိန်းမတွေမှာ အဖြစ်များကြတာတဲ့။ မြူသည် မေမေသေကြောင်း ကြားခါစက ဝမ်းနည်းဆို့နစ်ခဲ့ပြီး အခုတစ်ဖန် ဝမ်းနည်းဆို့နစ်တာတွေ ပျောက်သွားကာ နာကြည်းစိတ်နဲ့ ရှက်ရွံ့စိတ်တို့သာ ဖြစ်လာလေသည်။ မိုးတစ်ညက အဝတ်ဗလာနဲ့ မေမေ့ကို မြင်ယောင်ပြီး မေမေ့ကို မကောင်းတဲ့မိန်းမကြီးအဖြစ် နာလည်းနာ ရှက်လည်း ရှက်သွားခဲ့သည်။

ထို့နောက် မြူသည် ရုတ်ခြည်းပင် ရှက်ရွံ့ ဆွံ့အသွားပြီး မြူမျက်နှာကို လူရှေ့သူရှေ့မှာ ထွက်ပြဖို့ရန်ပင် ဝန်လေးလာခဲ့သည်။ အစကတည်းက လူတွေရှေ့ ရပ်တည်ဖို့ရန် ခဲယဉ်းခဲ့သော မြူမှာ မေမေ့ကြောင့် လူတွေနဲ့ ပိုပိုဝေးသွားခဲ့သည်။ တစ်စုံတစ်ယောက်ကများ မေမေ့အကြောင်း မေးလာခဲ့ရင်ဆိုသော အတွေးနဲ့ မြူမှာ လူတွေနဲ့ မျက်နှာချင်းဆိုင်ဖို့ကိုပင် တွန့်ဆုတ်လေးပင်လာခဲ့တော့သည်။

မြူသည် အဆင့်တစ်ရသည့် ရီပို့ဒ်ကတ်လေးကို ဖေဖေလက်မှတ်ထိုးဖို့ လောက်သာပြလျက် ဖေဖေ့ဆီက အထင်ကြီးမှုကို မလိုချင်တော့ပေ။ ဖေဖေကလည်း သမီးဖြစ်သူအတွက် ဘာမှ ထူးထူးခြားခြား ဝမ်းသာပြမနေဘဲ ဆက်ကြိုးစားဖို့သာ အေးအေးပြောသည်။ ဘွားဘွားကတော့ မြူကို စိတ်ကိုမဝင်စားပေ။ မြူကလည်း ဘွားဘွား စိတ်မဝင်စားသည့်အတွက် အရင်လို ဝမ်းနည်း နာကျင်မနေတော့ဘဲ ကျောင်းကိုသာ တိတ်တိတ်ဆိတ်ဆိတ် ထွက်လာခဲ့သည်။

ကျောင်းကို လာခဲ့သော်လည်း ကျောင်းမှာ သူငယ်ချင်းတွေက မေမေ့အကြောင်းတွေ မေးမှာလား စိုးရွံ့စိတ်နဲ့ တစ်နေ့လုံး ချောက်ချောက်ချားချားဖြစ်ခဲ့ရသည်။ မေမေ ဘာလို့ သေတာလဲမေးရင် မြူ ဘယ်လို ဖြေရမလဲ။ မြူ မလိမ်တတ်မညာတတ်။ လိမ်ရညာရမှန်းပင် မသိတတ်ချေ။ တစ်ခါတော့ အတန်းပိုင်ဆရာမက မြူ့မေမေအကြောင်းမေးရာ မြူ အမှန်အတိုင်း ပြောလိုက်ရသည်။ ထိုအချိန်တုန်းက မြူတစ်ဦးတည်းကိုသာ ဝိုင်းကြည့်နေကြသည့် အတန်းသားတွေ အလယ်မှာ မြူ့စိတ် သိမ်ငယ် ကျုံ့ဝင်သွားခဲ့သည်။ မြူ့ကို တချို့က သနားဂရုဏာသက်စွာ ကြည့်ကြသည်။ တချို့က စက်ဆုပ်ရွံ့ရှာစွာ ကြည့်ကြသည်။ မြူသည် မျက်လုံးပေါင်းများစွာအောက်မှာ ခေါင်းမဖော်နိုင်အောင် ဖြစ်ခဲ့ရသည်။ မြူမှာ နေ့ခင်းကြောင်တောင် အိပ်မက်ဆိုး မက်ရသဖြင့် သေသွားသည့် မေမေ့ကို ပို၍ပင် ငြူစူငြင်းဆန်လာသည်။ ထိုအချိန်ကစ၍ မြူမှာ မေမေနဲ့ပတ်သက်သည့် ကြည်နူးစရာတွေ မရှိခဲ့ဖူးသလို ဘယ်သောအခါမှ မေမေ့အကြောင်း အကောင်းတွေး၍ မရခဲ့ဘဲ ကိုယ်ကျင့်တရား

mgyoe.com

mgyoe.com SAMPLE BOOK
ပျက်ယွင်းသည့် မေမေ့ကိုသာ ပုံဖော်ကြည့်ရင်း မေမေဆိုသော အမှတ်သညာလေးသည် မြူ့ရင်ထဲကနေ တစ်စတစ်စ ပျောက်ကွယ်လုလု ဖြစ်ခဲ့ရလေသည်။

အခုဆိုရင် မြူသည် အိမ်မှာ ကျောင်းသွားချိန်က လွဲ၍ ဘွားဘွားနဲ့ အချိန်ပြည့် မျက်နှာချင်းဆိုင်နေရသည်။ ဖေဖေက မနက်မိုးလင်းတာနဲ့ ဈေးထဲက ဆိုင်ကိုပြေးရပြီး ကိုကြီးကို့၊ ကိုငယ်တို့ကတော့ ဘော်ဒါမှာ နေရတာများကာ အိမ်ကိုလည်း သိပ်မခင်တွယ်ဘူးဟု မြူ ယူဆမိသည်။ မေမေ့အကြောင်းကိုလည်း မျက်ရည်တစ်စက်နှစ်စက် ကျရုံကလွဲ၍ ဘာမှ ထိခိုက်ကြေကွဲဟန် မပြပေ။ ကိုကြီး သက်နှင်းဝေကတော့ မေမေ့အကြောင်း စကားစလိုက်လျှင် ဖေဖေ့လို နာကျင်ခက်ထန်ဟန်ပြကာ နောက်ထပ် စကားမဆိုဝံ့အောင် ပိတ်ပစ်တတ်သည်။ မြူမှာ ဖေဖေနဲ့ လက်ပွန်းတတီးနေခွင့် မရသည့်အပြင် အစ်ကိုတွေနဲ့လည်း ဝေးကွာသလောက် ရှိခဲ့သည်။ ကျောင်းတွေပိတ်လို့ အစ်ကိုတွေ အိမ်ပြန်လာရင်တောင် မြူသည် နှုတ်ဆက်စကားဆိုရမှာ ဝန်လေးပြီး မသိမသာ ရှောင်နေခဲ့မိသည်။ အစ်ကိုတွေကလည်း တယ်ချစ်စရာ ကောင်းလှသည်။ အိမ်ရောက်တာနဲ့ အိမ်အပြင်ကို ထွက်ဖို့ ခြေလှမ်းပြင်ပြီ။ သူငယ်ချင်း အပေါင်းအသင်းတွေကြားထဲနေရတာ ပျော်သည့်အရွယ်မို့ အိမ်ကပ်ဖို့ စိတ်မဝင်စားချေ။ ဘွားဘွားကတော့ သူ့မြေးတွေ ပြန်လာလျှင် မြေးတွေကြိုက်တတ်သည့် အစားအသောက်တွေနဲ့ ထမင်းစားပွဲမှာ ထိုင်စောင့်နှင့်သည်။ သူ့မြေးတွေကို သူ ချက်ကျွေးချင်တာ ကျွေးခွင့်မရလျှင် ကြားထဲက ခံရသူမှာ မြူသာ ဖြစ်သည်။

"ညည်းကလည်း အခန်းထဲမှာချည်း အောင်းနေတာ၊ ဘာတွေလုပ်မှန်းလည်း မသိဘူး၊ ကိုယ့်အစ်ကိုတွေလာတာ ထွက်တွေ့မယ်ဘာရယ် မရှိဘူး၊ အလကားလူတောကို မတိုးဘူး"

အစ်ကိုတွေက ညီမလေးနေကောင်းလား ဘာလား မေးမြန်းဖော်မရတာကို မြေးယောကျာ်းလေးတွေတော့ ဒေါသမဖြစ်။ မြူ့ကိုသာ မျက်စောင်းထိုးသည်။ နှုတ်ခမ်းမဲ့သည်။ ပြီး စကားလုံးမြားတွေနဲ့ မြူ့ရင်ဘတ်ကို လာထိုးစိုက်သည်။ ဘွားဘွားသည် မြူ့ကို လက်ညှိုးထိုးဖို့ ဘယ်အချိန်မဆို အဆင်သင့်ဖြစ်နေတတ်သည်။ မြူကို အရိပ်ပမာ စောင့်ကြည့်တတ်ပြီး မြူ တစ်ခုခု လှုပ်ရှားလိုက်တာနဲ့ သူ့နှုတ်က အလိုအလျောက် မြားတွေအစင်းလိုက် ထွက်ကျလာတတ်သည်။ ပြီးလျှင် ညနေ ဖေဖေရောက်လာလျှင် ဖေဖေ့ထံ သံတော်ဦးတင်မည်။

မြူ အခန်းအောင်းပြီး ကျောင်းစာမကျက်ဘဲ ဝတ္ထုတွေ ဖတ်တုန်းကဆိုရင်
mgyoe.com

mgyoe.com SAMPLE BOOK
လည်း ဖေဖေ့ကို အိမ်ဝကနေ ဆီးကြိုတိုင်သည်။

"မောင်ပန်းဝေရဲ့ မင်း သမီး ပျက်စီးနေပြီ၊ ကျောင်းစာမကျက်ဘဲနဲ့ ဝတ္ထုစာအုပ်တွေချည်း ဖတ်နေတာ၊ ဝတ္ထုစာအုပ်တွေလည်း ဘယ်ကရလာလဲ မသိဘူး၊ လက်ထဲမှာအပြည့်၊ စာကျက်ပါ စာကျက်ပါ ပြောတာလည်း နည်းနည်းမှဂရုစိုက်တာ မဟုတ်ဘူး၊ တစ်နေကုန် ထမင်းမစားရေမသောက် စာအုပ်တွေချည်း အခန်းအောင်းဖတ်နေတော့တာ၊ သက်သက်မာသမီး သက်သက်မာအတိုင်းပဲ၊ ပြန်မပြော နားမထောင်နဲ့"

ဘွားဘွား ပြောသည့်စကားတွေထဲမှာ တစ်ခွန်းလောက်သာ မှန်၍ ကျန်တာတွေကတော့ ဘွားဘွားဘာသာ ပါးစပ်ထဲတွေ့ကရာ အမှုကြီးအောင် ပြောခြင်းဖြစ်သည်။ လက်ထဲမှာ စာအုပ်တွေအပြည့်ဆိုရအောင် မြှုငှားလာသည့် စာအုပ်က နှစ်အုပ်တည်းရယ်ပါ။ တစ်နေကုန် ထမင်းမစား ရေမသောက်ဘူး ဆိုတာတော့ လုံးဝ မဖြစ်နိုင်။ မြှုဆာချိန်မှာ ထစားပြီး ရေကိုတော့ ရေဘူးနဲ့ အခန်းထဲ ယူထားသည်သာ ဖြစ်သည်။ စာမကျက်တာတော့ မှန်သည်။ မြှုသည် ခုနစ်တန်းကျောင်းသူဘဝကစပြီး ကျောင်းစာကို သိပ်ပြီး အာရုံဝင်စား၍ မရတော့ဘဲ ဝတ္ထုတွေချည်းသာ ဖတ်ချင်နေတော့သည်။

မြှုတို့နေသည့် လမ်းထိပ်တွင် စာအုပ်ဆိုင်တစ်ဆိုင် အသစ်ဖွင့်လျက်ရှိသည်။ မြှု ကျောင်းသို့သွားတိုင်း ထိုစာအုပ်ဆိုင်ရှေ့ကနေ ဖြတ်သွားရသည်။ စာအုပ်ဆိုင်လေးထဲမှာ စာအုပ်ငှားနေသည့်လူ အနည်းငယ်ကို အမြဲတစေ တွေ့ရတတ်သည်။ သူတို့လက်ထဲမှာ ကိုင်လာသည့် အရုပ်တွေပါသည့် စာအုပ်လေးတွေကို ကြည့်ပြီး မြှု စိတ်ဝင်စားမိသည်။ ကျောင်းမှာ မြှုနဲ့တစ်ခုံတည်း အတူထိုင်သည့် နေခြည်ဦးကလည်း ကျောင်းသို့လာတိုင်း ကာတွန်းစာအုပ်ဖြစ်စေ၊ ဝတ္ထုစာအုပ်ဖြစ်စေ ဖတ်စရာစာအုပ်တစ်အုပ်တော့ ပါလာတတ်သဖြင့် မြှုသည် နေခြည့်ဆီက ထိုစာအုပ်တွေကို ယူဖတ်ရင်း စာဖတ်ချင်လာသည်။ အခုတော့ စာအုပ်အငှားဆိုင် တွေ့ပြီဆိုတော့ မြှုသည် စာအုပ်ဆိုင်ဝင်ပြီး စာအုပ်ငှားဖတ်ချင်လာသည်။ ဆယ်ကျော်သက်ဘဝမှာ မြှုဘာသာမြှု မြှုစိတ်နဲ့မြှုကိုယ် ပထမဆုံးလုပ်မိသော အလုပ်သည် စာအုပ်ငှားခြင်းပင်ဖြစ်သည်။

တစ်ညနေ မြှု ကျောင်းကပြန်လာတော့ ထိုစာအုပ်ဆိုင်လေးထဲဝင်ပြီး စာအုပ်ငှားကြည့်သည်။ မြှု စိတ်ထဲ ခက်ခဲမည်ထင်ခဲ့ပေမယ့် တကယ်တမ်းတော့ လွယ်လွယ်ကူကူပဲ စာအုပ်ငှားခွင့်ရသည်။ စာအုပ်ဆိုင်ပိုင်ရှင်က မြှုကိုကြည့်ပြီး
mgyoe.com

mgyoe.com SAMPLE BOOK
ဦးပန်းဝေသမီးမို့လားဟု မေးမြန်းပြီးသကာလ မြူ စာအုပ်ငှားခွင့်ရခဲ့သည်။ စာအုပ်နောက်ကျောမှာ ငှားသူနာမည်ကို ဦးပန်းဝေဟု နာမည်ရေးထားသည်။ ထိုစဉ်ကတည်းက မြူသည် ဖေဖေအရိပ်နဲ့ ကင်းလွတ်ခဲ့သည် မရှိခဲ့ပေ။

မြူ စာဖတ်ခွင့်ရသည့်အချိန်မှစ၍ မြူမှာ တစ်ယောက်တည်းဆိုသော စိတ်အားငယ်မှုလေး ပျောက်သွားပြီး မြူအတွက် အချိန်တွေကလည်း ကုန်ချင်သလို ကုန်နေတော့သည်။ ပြီးတော့ စာအုပ်ထဲက လူတို့၏ ချစ်ခြင်းမေတ္တာနဲ့ အကြင်နာတရားသည် မြူကို စိတ်ကူးကမ္ဘာလေးတစ်ခု ဖန်ဆင်းပေးကာ ထိုကမ္ဘာလေးမှာပဲ မြူ့စိတ်တို့ သက်သာရာရခဲ့သည်။ မြူစိတ်ကို အစွဲလမ်းဆုံး ဇာတ်ကောင်တွေမှာ ယုံကြည်ဖြူစင်ရပြီး အကြင်နာတရားတို့ ပြည့်ဝတတ်သော စိတ်နှလုံးရှိသူတွေသာ ဖြစ်သည်။ ထိုသို့သော ဇာတ်ကောင်တွေကို စာအုပ်တွေထဲမှာ တွေ့ရတတ်လျှင် မြူ၏ သွေ့ခြောက်ရွံ့တွန့်သော နှလုံးသားသည် စိုပြည် ရဲရင့်တတ်လာပြီး တစ်ဦးတစ်ယောက်ကို တွယ်တာ မြတ်နိုးလိုသောစိတ်တို့ ဖွံ့တည် လိုအပ်လာခဲ့သည်။ မြူ၏ ညတာရှည်သော အိပ်မက်ဆိုးတွေအစား လှပမျှော်လင့်သော အိပ်မက်တို့ အစားဝင်ရောက်လာခဲ့လေသည်။

မြူသည် တစ်နေ့ထက်တစ်နေ့ စာအုပ်ဆိုင်ကို ရောက်လိုသောစိတ်သာ ဖြစ်နေသည်။ သို့သော် ကျောင်းဖွင့်ရက်များတွင် စာအုပ်မငှားနိုင်၊ မဖတ်နိုင်သည့် မြူသည် ကျောင်းပိတ်ရက်တွေမှာ အခန်းအောင်းကာ အတိုးချ စာဖတ်တော့သည်။ ဘွားဘွားကတော့ ကျောင်းပိတ်ရက်ကလေးတောင်မှ အားမကိုးရဘူးဆိုသော စကားနဲ့ပင် တစ်နေ့လုံး နားပေါက်အောင် တဆူဆူလုပ်တော့သည်။ ဖေဖေ့ကိုသွားတိုင်တော့ ဖေဖေက သိပ်ပြီး အရေးမလုပ်သော်လည်း မြူ ဝတ္ထုဖတ်တာကိုတော့ ကြိုက်နှစ်သက်ခြင်း မရှိလှ။ ဖေဖေ၏ စာအုပ်တွေအပေါ် ထားသည့်သဘောထား အင်မတန်သေးနုပ်လှတာကို မြူမမျှော်လင့်ဘဲ ကြားနာရတာ ကံဆိုးတယ်ဆိုရမလား မပြောတတ်ချေ။

"ဘာတွေများ ရေးထားလို့လဲ သမီးရယ်၊ အလကား စိတ်ကူးသက်သက် လျှောက်ရေးနေတာများ အချိန်ကုန်ခံပြီး ဖတ်နေလို့၊ အဲဒါတွေများ ဖေဖေ ဖတ်နေရရင် သမီးတို့ ထမင်းတောင် စားရမှာ မဟုတ်ဘူး"

ထိုစကား ဖေဖေ့ဆီက ကြားရပြီးကတည်းက မြူသည် ဖေဖေ့ရှေ့မှာ စာအုပ်တွေကို မမြင်အောင် ပုန်းကာဝှက်ကာ ထားတတ်သည်။ အကြောင်းမှာ ဖေဖေ့ဆီက နောက်ထပ်စာအုပ်တွေနဲ့ပတ်သက်သည့် သေးနုံနိမ့်ကျသည့် အတွေး
mgyoe.com

mgyoe.com SAMPLE BOOK

အမြင်တွေကို မကြားလိုလောက်အောင် စာအုပ်တွေအစား နာကျင်ရလွန်း၍ ဖြစ်သည်။

သို့သော် မြူ ဝတ္ထုဖတ်တာကို ဘွားဘွားလောက် အသေအလဲ မတားမြစ်သည့် ဖေဖေ့ကို မြူ ကျေးဇူးတင်ရပါသည်။ ဘွားဘွားကတော့ မြူစာအုပ်ငှားလာတိုင်း တရိပ်ရိပ်ကြည့်ပြီး စာအုပ်တွေကို ရန်သူပမာ ဆက်ဆံတတ်သည်။ "ငှားလာပြန်ပြီလား၊ ဒီအရည်မရ အဖတ်မရ စာအုပ်တွေ" ဆိုသော စကားသည် ဘွားဘွား လက်သုံးစကားပင် ဖြစ်သည်။ တစ်ခါတော့ မြူက ဘွားဘွား ပြောဖန်များလာသဖြင့် မခံနိုင်သောစိတ်နဲ့ ခံပက်အော်ပြောမိသည်။

"နေစမ်းပါဦး ဘွားဘွားရဲ့၊ မြူဘာသာမြူ စာဖတ်တာ မြူ ဘယ်သူ့ကို ဒုက္ခပေးနေလို့လဲ၊ မြူ ဘွားဘွားကို အနှောင့်အယှက် ပေးနေလို့လား၊ ဘွားဘွားကို ဆဲဆိုနေလို့လား"

"အခုပဲ နင် ငါ့ကို ခံပြောနေတာလေ၊ လူကြီးကို လူကြီးမှန်းမသိ၊ အဲဒါတွေ နင်ဖတ်တဲ့ စာအုပ်တွေက သင်ပေးတာလား"

"ဘွားဘွားပြောလို့ မြူ ပြန်ပြောရတာလေ၊ ဘွားဘွားသာ လူကြီး လူကြီး နေရာမနေဘဲ နေရာတကာလိုက်ပြီး အပြစ်ပြောနေတာ၊ အသက်ကြီးပြီး အချိန်မစီးဘူး"

ထိုစကားကြားတော့ ပိန်ညောင်ညောင် ခန္ဓာကိုယ်နဲ့မလိုက် ချောင်ချောင်ချိချိ ဝတ်စားထားသော ဘွားဘွားအဝတ်အစားတို့ လှုပ်ရှားယိမ်းခါသွားအောင် ဘွားဘွားတစ်ကိုယ်လုံး နတ်ကျထားသလို တုန်နေတော့သည်။

"အမယ်လေး၊ သက်သက်မာသမီး သက်သက်မာ အချိုးအတိုင်းပဲ၊ နင်လည်း နင့်မအေလိုလာမယ့် ဟာမလေးပဲ၊ ငါတော့ မြင်ယောင်ချည်သေးရဲ့၊ သက်သက်မာသမီး သူ့မအေထက်ကို ပိုဦးမှာ၊ ပိုမိုက်ဦးမှာ"

ဘွားဘွားသည် မြူကို ဘယ်လို စကားမျိုးနဲ့ အနိုင်ယူရမလဲဆိုတာ ကောင်းစွာသိသူဖြစ်သည့်အလျောက် မြူကို ဒီစကားနဲ့ပင် အကြိမ်ပေါင်းများစွာ ထိုးနှက် နာကျင်စေခဲ့သည်။ မြူကို ဘယ်တော့မှ အရှုံးမပေးဘူးရယ်လို့ ဘွားဘွား သန္နိဋ္ဌာန်ချထားသလား အောက်မေ့ရအောင် မြူကို နောက်ဆုံးအနေနဲ့ မနိုင်နိုင်တော့ဘူးဆိုရင် ထိုစကားနဲ့ တစ်ချက်တည်း အလဲအကွဲ တိုက်ခိုက် တွန်းချတော့သည်။ မြူကလည်း ထိုစကားကြားတိုင်း ရင်တစ်ခုလုံး အတိုင်းအစမရှိ နာကျင်သည်းခိုက်သွားပြီး စကားတစ်ခွန်းမှ မဆိုနိုင်တော့အောင် ဆွံ့အ ထုံထိုင်းသွားတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့နောက်မှာတော့ မြူသည် မြူ့ ခိုနားပုန်းအောင်းရာ အခန်းလေးထဲသို့ ပြေးဝင်ကာ ပတ်ဝန်းကျင်တစ်ခုလုံးက အသံတွေ မကြားတော့အောင် နားတွေပိတ်ထားလျက် တစ်ယောက်တည်း ဝေဒနာတွေကြားထဲမှာ ရုန်းကန် ဆန်တက်နေရလေသည်။

ထိုအချိန်တိုင်း မြူသည် မေမေ့မျက်နှာကို မြင်ယောင်ကာ မြူခံစားနာကျင်ခဲ့ရသမျှတို့ကို မေမေ့ကို မုန်းတီးစက်ဆုပ်ခြင်းဖြင့် ဖြေဖျောက်ဖို့ အားခွန် မွေးယူရလေတော့သည်။ နောက်ဆုံးမှာတော့ မြူသည် မြူ့ဘဝကို တရေးရေး တွေးကာ မျက်ရည်သာဝေလျှံကျရင်း အသည်းနှလုံးတို့ ပူလောင်လာရလေသည်။

❑

နာကျင်စွာ သို့သော် သာယာမိန်းမောစွာ ညည်းညည်းညူညူ ညည်းသံကို ကြားရသည်။ မြူသည် ရင် အထိတ်တလန့်တုန်သွားပြီး ခြေလှမ်းများမှာ နေရာတင် ကျောက်ချရပ်တန့်သွားသည်။ မြူ ရှေ့ဆက်တိုးလို့ လည်းမရ။ သို့သော် မြူ ခြေလှမ်းတွေ နောက်ပြန်ဆုတ်ဖို့ကျတော့ ဘာလို့ ခွန်အားတွေ မဲ့နေတာလဲ။ မြူသည် ဆောက်တည်ရာမရ စိတ်တွေ ရှုပ်ထွေးခက်ဝေနေပြီး ချွေးစေးများပင် ပျံလာသည်။ ရုတ်တရက် အားအင်ချည့်နဲ့လာသလို ခံစားရသည်။ ပြေးစမ်း မြူ ဒီနေရာကနေ အဝေးဆုံးရောက်အောင် ပြေးလိုက်စမ်းပါတော့လား။ သို့သော် မကောင်းဆိုးဝါး အသံကြီးက မြူ့စိတ်ကိုရော၊ မြူ့ခြေလှမ်းတွေကိုရော ထွက်မပြေးနိုင်အောင် တုပ်နှောင်ထားဆဲ။ မြူသည် မြူမမြင်ချင်သည့် မြင်ကွင်းကို မြင်ရတော့မည်ကို အသွေးထဲ အသားထဲကနေ တုန်လှုပ်ချောက်ချားနေမိသည်။ သို့သော် မြူ ကိုယ်တိုင် မသိလိုက်မိမှာပင် မြူရပ်နေသည့် အခန်းဝကနေ အခန်းထဲကို ချောင်းကြည့်မိသည်။ အခန်းထဲက ခုတင်ပေါ်မှာ အဝတ်မဲ့ခန္ဓာကိုယ်နှစ်ခု၊ ပူးယှက်ကပ်ဖိထားဆဲ။ မြူသည် ကြည့်နေရင်းမှာ သေးတစ်စက်စက် ထွက်ကျလာသည်။ အဝတ်မဲ့ခန္ဓာကိုယ်တစ်ခုက သူ့အပေါ်မှာထပ်နေသည့် ခန္ဓာကိုယ်တစ်ခုကိုကျော်ပြီး မြူ့ဆီ လှမ်းကြည့်လိုက်သည်။ ဖားလျားချထားသည့် ဆံနွယ်ရှည်တွေ ရင်သားပေါ် ထိအောင် ဖြာဝေနေသည့် ထိုမိန်းမက မြူကို ပြုံးပြလိုက်သည်။ မြူ သွေးပျက်တုန်လှုပ်သွားသည်။ အို... မေမေ။

"မေမေ"

မြူ ချောက်ချားထိတ်လန့်စွာ နိုးလာတော့ မြူအသံတို့မှာ အသံကုန်ဟစ်လိုက်ရသလို ခြောက်ကပ် ဆို့နစ်သွားသည်။ မြူသည် အသက်ရှူမဝဖြစ်ကာ အသက်ကို ပြင်းပြင်းရှူသည်။ သို့သော် အသက်ရှူသံက တင်းကျပ်စွာသာ ထွက်လာသည်။

mgyoe.com

တစ်ကိုယ်လုံးလည်း တုန်တုန်လှုပ်လှုပ်ဖြစ်နေဆဲပင်။ အိပ်မက်ဆိုတာ သိနေပေမယ့် သည်အိပ်မက်က မြူစိတ်တစ်ခုလုံးကို ဖရိုဖရဲဖြစ်အောင် ဆွဲလှုပ်နေတုန်းပင် ဖြစ်သည်။ ညအမှောင်က သိပ်သိပ်သည်းသည်း ထူပိန်းနေသဖြင့် မြူ ဘာမှမမြင်ရ။ ဘယ်အချိန်ရှိသွားပြီလဲမသိ။ မီးထဖွင့်ရင်ကောင်းမလား တွေးမိသော်လည်း အလင်းရောင်အောက်မှာ တစ်စုံတစ်ခု တွေ့မြင်မိမှာကို လန့်ဖျပ်တွေးကြောက်တာကြောင့် မီးထမဖွင့်တော့။ ရုတ်တရက် ဆီးသွားချင်စိတ်ကိုအောင့်ပြီး မြူအိပ်ရာပေါ် ပြန်လှဲသည်။ ရင်ဘတ်ထိအောင်လွှမ်းကာ စောင်ကိုခြုံသည်။ သို့သော် မြူ့စိတ်ထဲ မလုံမခြုံ ဖြစ်မိနေဆဲပင်။ ဖေဖေ့ကို လာစေချင်မိသည်။ မြူ တစ်ရေးနိုးထတိုင်း၊ အိပ်မက်ဆိုးမှ နိုးထအော်လိုက်တိုင်း ဖေဖေ မြူအခန်းထဲကို ရောက်လာကာ မြူကို ထွေးပွေ့ထားစေချင်မိသည်။ မြူအနားမှာ တစ်ယောက်ယောက် ရောက်လာလျှင် မြူ စိတ်တစ်ဝက် သက်သာရရလေမလား။ သို့သော် မြူ မျှော်လင့်သလို ဖေဖေ သည် ဘယ်သောအခါမှ မြူအခန်းထဲကို ရောက်မလာခဲ့ပါ။ မြူ အော်သံကို ဖေဖေ မကြားဘူးလား။

မြူ အိပ်မက်မက်အော်တာကို မည်သူမျှမကြားလောက်ဘူး ထင်မိပေမယ့် ဘွားဘွားကတော့ ကြားသည်။ ကြားသော်လည်း မြူကို အပြစ်ဖို့စကားသာ ဆိုသည်။

"ကောင်မလေး ညကြီးမင်းကြီး ဘာထထအော်တာလဲ၊ အော်လိုက်တာလည်း ကမ္ဘာပျက်တော့မဲ့အတိုင်းပဲ၊ လူကြားလို့တောင် မကောင်းဘူး၊ ညအိပ်ရာဝင် ဘုရားရှိခိုးမအိပ်ဘူး ထင်တယ်၊ လူကြီးသူမတွေ ဆိုဆုံးမတာလည်း နားထောင်၊ ရိုရိုသေသေလည်းနေ"

ဘွားဘွားသည် အင်မတန် အရိုအသေခံချင်သည်။ ထို့ကြောင့် မြူကို ဆုံးမတိုင်း လူကြီးသူမတွေကို ရိုသေလေးစားဖို့ မကြာခဏ ပြောတတ်သည်။ ခက်သည်မှာ မြူက ရိုသေချင်ပေမယ့် ဘွားဘွားမှာ မြူ ရိုသေချင်လောက်စရာ အသက်ကြီးရင့်တာတစ်ခုကလွဲ၍ ဘာမှမမြင်ပေ။ ဖေဖေကတော့ မြူ အသံတောင် မကြားအောင် အိပ်မောကျကောင်းဆဲပဲလား မသိ။ ဘွားဘွားပြောမှ သိလေသည်။

"ဟုတ်လား မြူ အိပ်မယ်ဆိုရင်လည်း စောစောအိပ်၊ ညည့်နက်သန်းခေါင် ထိအောင် စာဖတ်မနေနဲ့"

ဖေဖေက ဒါပဲပြောသည်။ မြူ ညည့်နက်သန်းခေါင် ဘာဖြစ်လို့ လန့်အော် နိုးရသလဲ၊ မြူ ဘယ်လိုအိပ်မက်ဆိုးမျိုးတွေ မက်နေသလဲဆိုတာ စိုးရိမ်စွာ မေးမြန်းဖို့ မကြိုးစားပေ။ မြူ အိပ်မက်အကြောင်း ဘယ်သူမှမမေးသည့်အတွက် မြူကလည်း

mgyoe.com

ပြောပြဖို့ စိတ်ကူးကို ချက်ချင်း ချေဖျက်ပစ်ပြီး အသံတိတ်သာနေမိသည်။ ဖေဖေက မနက်စာ အေးအေးလူလူစားပြီး ဈေးသို့သွားချိန်တွင် မြူကလည်း ရင်ထဲမှာ မကျေမချမ်းစိတ်တစ်ဝက်နဲ့ ကျောင်းသွားဖို့ ပြင်ရတော့သည်။

ဖေဖေသည် စီးပွားရှာသည့်နေရာမှာသာ သူမတူအောင် အာရုံဝင်စားရှိတတ်လျက် မြူကိုတော့ သာမန်ညောင်ညလေးအဖြစ် သဘောထားဟန်ရှိသည်။ ဒါမှမဟုတ်လည်း သမီးမိန်းကလေးမို့ မိန်းမတို့၏ အခြင်းအရာသည် မိန်းမတို့နှင့်သာ သက်ဆိုင်သည်ဟု မှတ်ထင်ကာ မြူ့ကို ဘွားဘွားလက်ထဲကိုသာ ဝကွက်အပ်ထားခဲ့လေသလား။ မြူဝတ်သည့် အဝတ်အစားကအစ ဖေဖေကိုယ်တိုင် လိုက်ဝယ်ပေးသည်ဆိုတာမျိုး မရှိခဲ့။ အိမ်ကို စက်ချုပ်သမားတစ်ယောက်ခေါ် စေကာ မြူ့ကိုယ်တိုင်းကိုယူစေပြီး ဘွားဘွား ချုပ်ခိုင်းသည့်အတိုင်းသာ ချုပ်ဝတ်စေသည်။ ဘွားဘွားကလည်း မြူ့အစ်ကိုတွေအတွက် အင်္ကျီချုပ်စေရင်း တစ်လက်စတည်း မြူ့အတွက်ပါ ရောပေါင်းချုပ်လုပ်စေသည်။ သည်တော့ မြူသည် အစ်ကိုတွေနည်းတူ အစ်ကိုတွေ ချုပ်သည့်အတိုင်း ဝတ်ရရာ မြူ့မှာ မိန်းကလေးအင်္ကျီရယ်လို့ သိပ်မရှိလှချေ။ တစ်ခါတစ်ရံ အစ်ကိုတွေအကျကို ဝတ်ရသော်လည်း မြူသည် အဝတ်အစားဘက်တွင် သိပ်ပြီး အာရုံမရှိ၍လား မသိ။ စိတ်ထဲ သိပ်ပြီး မထားသိုတတ်ခဲ့။

သို့သော် မြူ့စိတ်ကို အခါမလပ် နွမ်းရိစေတာကတော့ မြူ ဆံပင်ပုံစံပင် ဖြစ်သည်။ ဖေဖေသည် အသက်ကြီးကြီး ယောကျ်ားဆံသသမားတစ်ယောက်ကို အိမ်ကိုခေါ်ပြီး မြူဆံပင်ကို ဖေဖေ့စိတ်ကြိုက် ပုံသွင်းခိုင်းသည်။ ဖေဖေက မြူကို မိန်းကလေးရယ်လို့ မမြင်တာလား၊ နားမလည်ချင်ယောင် ဆောင်တာလားမသိ။ ဆံသသမားကို ဆံပင်ညှပ်ခေါ်သည့်အခါတိုင်း တိုတိုပါးပါး ညှပ်ဖို့သာ နှိုးဆော်တတ်သည်။ ဆံသသမားကလည်း ဖေဖေပြောသည့်အတိုင်း တစ်သဝေမတိမ်း လိုက်ညှပ်ရာ မြူ့ဆံပင်မှာ အမြဲတမ်းတိုနံ့နံ့။ ယောကျ်ားလေးတစ်ယောက်၏ ဆံပင်ထက်တောင် တိုသေးသည်။ ဆံပင်က တိုပြီး ပါးသည့်အပြင် ဆံပင်ညှပ်ပုံကလည်း မကောင်းလှရာ မြူသည် ဆံပင်ညှပ်ပြီးချိန်တိုင်း ကိုယ့်မျက်နှာကိုကိုယ် မှန်ထဲမှာ မကြည့်ဝံ့လောက်အောင် စိတ်ငယ်နွမ်းပါးသွားတတ်သည်။ ဆံပင်တွေ ပြန်မရှည်မချင်း တစ်လလောက် ကြီးစွာသော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ရသဖြင့် ဆံပင်ညှပ်ချိန် ရောက်လာမှာကိုတောင် တထိတ်ထိတ် စိုးရွံ့နေရလေသည်။ ထိုအချိန်တုန်းက မြူသည် ဖေဖေပြုမူသည့်အတိုင်း စိတ်ဆင်းရဲခံပြီး ဘာကြောင့် ငြင်းဆို့ ခံနေမိသလဲ။ ဘာကြောင့် မငြင်းဆန်ခဲ့မိသလဲဆိုတာ ကိုယ့်ဟာကိုယ် ပြန်တွေးတိုင်း

mgyoe.com

အံလေးတကြိတ်ကြိတ် ဖြစ်မိသည်။

ဖေဖေ ဆံပင်ညှပ်သည့်အခါတိုင်း မြို့ဆံပင်တွေကိုပါ ရောယောင်ညှပ်စေခဲ့သည့် ထိုအချိန်တွေကို တွေးမိပြီး မြို့ရင်ထဲမှာ ခါးသက်မုန်းတီးစိတ်တို့ ဝင်လာစမြဲ ဖြစ်သည်။ ထိုစဉ်က မြို့အတွက် စဉ်းစားပေးခဲ့သူမှာ အိမ်ဖော် မအေးသန်းတစ်ယောက်သာ ရှိသည်။ မအေးသန်းက တစ်ခါတစ်ခါတော့ ဖေဖေ့ကို မဝံ့မရဲစောဒကတက်ကြည့်သည်။

"ဦးလေးရယ်၊ ကိုယ့်သမီး အချောအလှလေးကို ဆံပင်တွေ ခဏခဏညှပ်မပစ်ပါနဲ့ ရုပ်ကလေးမထွက်ဘဲနေပါ့မယ်၊ သူ့ဘာသာသူ ဒီလိုလေးလှနေတာဘယ်လောက်ကြည့်လို့လှသလဲ"

"နင် ဘာမှမသိဘဲ အသာနေစမ်း အေးသန်း၊ အခုလို ဆံပင်ညှပ်လိုက်မှခေါင်းရှင်းသွားတာ၊ နို့မို့ဆိုရင် ဆံပင်ကရှည်ရှည်နဲ့ ညဉ်းသိုးသိုးနိုင်လှတယ်"

ဖေဖေက သူ့အယူအဆနဲ့သူ ပြောနေဆဲ ဘွားဘွားကလည်း သူ့သားဘက်ကနေ စစ်ကူဝင်ဖြည့်ပေးလိုက်သေးသည်။

"ဒီကောင်မ ဘာမှနားလည်တာ မဟုတ်ပါဘူး သားရယ်၊ အဖက်လုပ်ပြီး စကားပြောမနေစမ်းပါနဲ့"

မအေးသန်းက ဖေဖေ မမြင်အောင် မြို့ကို ပခုံးတွန့်ပြကာ သူ့ဘုံဗိမ္ဗာန်ဖြစ်သည့် မီးဖိုချောင်ထဲကိုသာ ဝင်ပြေးရလေသည်။ မြို့ထံမှာ ဖေဖေ့ကို အာခံငြင်းဆန်ဖို့ဆိုသောအတွေး ဝင်ရောက်မလာတာကိုပဲ ပြန်တွေးတိုင်း မြို့က မြို့ကိုယ်မြို့ အံ့သြ၍သာနေမိသည်။ မြို့မှာ သူပုန်စိတ်မရှိဘူးထင်သည်။ မြို့ မကြိုက်တာ တစ်ခုခု ဖေဖေလုပ်ပြီဆိုရင် မြို့တုံ့ပြန်နိုင်တာက မြို့ကိုယ်မြို့ စိတ်ဆင်းရဲခြင်းနွံထဲကို ဆင်းသက်ခြင်းသာဖြစ်သည်။ မြို့မှာ သည်လို ခြေသုတ်ပုဆိုးစိတ်မျိုး ငယ်နုစဉ်မှာကတည်းက ရှိနေခဲ့တာကိုတော့ တော်တော်နဲ့ ဖြေဖျောက်မရခဲ့။ နာကျင်ကြေကွဲစရာကောင်းလှလေသည်။

မြို့ ဆံပင်ညှပ်ပြီးသည့်အချိန်တိုင်း ကျောင်းသွားဖို့ရာ အလွန်ဝန်လေးတုံ့ဆိုင်းတတ်သည်။ အထူးသဖြင့် မြို့ ဆံပင်ညှပ်လာသည့်နေ့မှာပင် ယောက်ျားလေးတော်တော်များများ မြို့ကို ဂရုတစိုက် စောင့်ကြည့်နေကြသလိုပဲ။ သူတို့မျက်လုံးတွေက ခပ်ရွှင်ရွှင်။ သူတို့နှုတ်ခမ်းပေါ် မှာတော့ အပြုံးက ချက်ချင်းပင် ခုန်တက်လာခဲ့သည်။ လှောင်ပြုံးမှန်း မြို့သိသည်။ တစ်ခါတစ်ခါ မြို့ မကြားကြားအောင် နှုတ်စတတ်သည်။

mgyee.com

mgoe.com

"ဆံပင်ကေကတော့ မိုက်တယ်ကွာ၊ ငါလည်း ညှပ်ဦးမယ်"

"စစ်ထဲဝင်မလို့နဲ့ တူတယ်ကွ"

သူတို့စကားသံတွေ အကြားမှာ မြူ့ခြေလှမ်းတွေ တန့်သွားသည်။ သူတို့နှုတ်ခမ်းပေါ်က အပြုံးကိုမြင်တော့ မြူ့မျက်နှာပင် မဖော်တော့။ ကိုယ့်မျက်နှာကို ကိုယ်ပြန်မြင်ယောင်ပြီး ရှက်ရွံ့သွေးဖြာကာ အိမ်ပြန်ပြေးချင်စိတ် ဖြစ်မိသည်။ မြူအခန်းထဲမှာဆို မြူ့ကို ဘယ်သူမှ မမြင်နိုင်ဖူးမို့လား။

အိမ်ရောက်တော့ မြူသည် မှန်တင်ခုံရှေ့ထိုင်ကာ မှန်ထဲမှာ မြင်နေရသည့် မြူခေါင်းက တိုနံ့နံ့ဆံပင်တွေကို ကြည့်ပြီး ရှက်ရွံ့ခြင်းဖြင့်လည်း ကြေကွဲဝမ်းနည်းသည်။ ဒေါသဖြင့်လည်း ကြေကွဲဝမ်းနည်းသည်။ မြူ့မှာ နဂိုကမှ အရှက်အကြောက်ကြီးရသည့်အထဲ အခုလို လူတွေကြားထဲ မျက်နှာမဖော်ရဲအောင်လုပ်တာ ဖေဖေပင်။ မြူသည် မှန်ထဲမှာ မြူ့ကိုယ်မြူ စိုက်ကြည့်နေရာမှ ရုတ်တရက် မြူ့ပုံရိပ်အစား ဖေဖေ့ပုံရိပ် ထင်လာသဖြင့် နီးရာပစ္စည်းတစ်ခုနဲ့ စိတ်လွတ်ကိုယ်လွတ်ပေါက်လိုက်ရာ မှန်မှာ အစိတ်စိတ်အမြွာမြွာ ကွဲကြေသွားသည်။ မြူ့စိတ်သည် ပစ္စုပ္ပန်အခြေအနေကို ပြန်ရောက်လာပြီး မှန်ကွဲစတွေကိုတွေ့တော့ ထိတ်ပြာ ကြောက်ရွံ့သွားသည်။ ဘွားဘွားသာသိရင် ဆူတော့မှာပဲ။ မြူသည် စိတ်မှတ်မဲ့ မှန်ကွဲစတွေကို ကောက်ယူသိမ်းလိုက်ရာ လက်မှာ မှန်ကွဲစရှသွားပြီး သွေးများ ဖြာခနဲ ကျလာလေသည်။ နီစွေးသော သွေးများမှာ ဖြူစင်ကွဲအက်နေသော မှန်ကွဲမှန်စများပေါ် တစက်စက် ကျဆင်းသွားတော့သည်။ ဘွားဘွားသည် မှန်ကွဲသံကြားသည်ထင်၊ မြူ့အခန်းထဲကို ကပျာကသီ ပြေးဝင်လာသည်။

"ဟဲ့... ဘယ်လိုဖြစ်တာလဲ၊ ငါ့နှယ်နော် နေရင်းထိုင်ရင်း မှန်က ဘယ်လိုကနေ ဘယ်လို ကျကွဲသွားတာလဲ၊ မြူနှင်းဝေ ညည်းကတော့လေ လုပ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ၊ တော်တော်လည်း နမော်နမဲ့နိုင်တဲ့ ကောင်မလေးပါလား၊ ကိုယ်ဖြင့် တစ်ပြားမှတောင် မရှာရသေးဘဲနဲ့"

ဘွားဘွား ဘယ်သို့ပြောပြော မြူသည် ထပ်ပြီး မတုန်လှုပ်တော့။ မှန်ကွဲစများပေါ်တွင် တဖြည်းဖြည်း ပြန့်သွားသော သွေးစက်များကို ငေးကြည့်ပြီး ရင်ထဲမှာသာ ငိုနေမိတော့သည်။

မြူဆံပင်ပုံစံနဲ့ ပတ်သက်ပြီး မြူ ပိုပြီး ကြောင့်ကြစိုးရိမ်စိတ်ဆင်းရဲသည်မှာ နွေဦးကိုကိုကြောင့်လည်း ပါသည်။ နွေဦးကိုကိုသာ တိုနံ့နံ့ပါးကပ်ကပ် ဆံ... ပုံစံနဲ့ မြူ့ကိုမြင်ရင် မလှောင်ဘူး ဆိုရင်တောင် ရယ်မောချင်စိတ်တော့ ရှိမှာပဲ။ ပြီးရင်

mgoe.com

mgyoe.com

မြူ့ကို စိတ်ပျက်သွားလေမလား။ မြူသည် တွေးရုံနှင့်ပင် ရှက်ရွံ့စိတ်များ ဖိစီးလေးလံနေမိသည်။ မြူသည် နွေဦးကိုကိုနှင့် တွေ့တိုင်း ရှက်တရွံ့ရွံ့ဖြစ်ရသည့် ခံစားမှုကို မထိန်းချုပ်နိုင်ပါ။ နွေဦးကိုကိုသည် အတန်းထဲမှာ စာတော်သော ကျောင်းသားတစ်ယောက်ဖြစ်သည့်အပြင် သူ့ရုပ်ရည်ကလည်း ကြည့်လိုက်ရင် အမြဲတစေ သန့်ပြန့် ချောမောနေတာပဲ။ အသားကလည်း ဝါဝါလင်းလင်းလေး။ မြူ ဖတ်သည့် ဝတ္ထုတွေထဲက မြူ ရင်ခုန်ရသော ဇာတ်ကောင်တွေလိုပဲ။ မြူက ပညာထူးချွန်ကာ ချောမောခန့်ညား တည်ကြည်ပြီး ဩဇာလွှမ်းမိုးနိုင်သည့် အမျိုးသားဇာတ်ကောင်တွေကို နှစ်သက်သဘောကျသည်။ ဝတ္ထုထဲမှာ ထိုသို့သော ဇာတ်ကောင်တွေကို တွေ့ရပါက မြူသည် နွေဦးကိုကိုကိုသာ မြင်ယောင်လျက်ရှိသည်။ သို့သော် သူ့မှာ ဝတ္ထုတွေထဲက ဇာတ်ကောင်တွေ၏ နှလုံးသားလို သူမတူသော အကြင်နာတရားရှိပါ့မလား။ ရှိနိုင်မည်ဟု မြူ ယုံကြည်မှတ်ထင်နေမိသည်။

နွေဦးကိုကို မြင်တိုင်း မိန်းကလေးတန်မဲ့ သူ့လို သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ် မရှိသည့် မြူ့ကိုယ်မြူ အားငယ် စိုးရွံ့လျက်ရှိသည်။ သူ့ပါးရိုးတလျှောက်မြင်နေရသည့် သွေးကြောစိမ်းစိမ်းလေးတွေက မြူရင်ကို တဒိတ်ဒိတ် ခုန်အောင် ပြုစားလျက်ရှိသည်။ သူ့နှုတ်ခမ်းကလည်း မြူနှုတ်ခမ်းလို သွေ့ခြောက် မနေဘဲ စိုပြေနီထွေးနေသည်။ နှုတ်ခမ်းကို မကြာမကြာသပ်ပြီး စကားပြောနေပုံကို မြူက သတိထား စောင့်ကြည့်မိတတ်သည်။ သို့သော် မြူသည် ပတ်ဝန်းကျင်ကို သတိလက်လွတ်ဖြစ်သွားလောက်အောင်ထိတော့ သူ့ကို မငေးမိတာ သေချာပါသည်။ မြူ့စိတ်မှာ မြူ့ကို စောင့်ကြည့်နေသည့် ပတ်ဝန်းကျင်အပေါင်း အသိန်းအသောင်း ရှိသည်ဆိုသောအသိက မမေ့မလျော့ ရှိနေစမြဲပင်။

မြူ ထိုင်သည့်နေရာကနေ နွေဦးကိုကိုကို လှမ်းငေးကြည့်တိုင်း မြူရင်ထဲမှာ ဖြစ်ရသည့် ရှက်ရွံ့ဗျာပွေ ခံစားမှုကို မြူကိုယ်တိုင်တောင် ဝေခွဲ၍မတတ်။ သို့သော် သူ့ကို လှမ်းငေးကြည့်လိုစိတ်က အလိုလိုဖြစ်တည်လာရသည်။ မည်သည့်ယောက်ျားလေးနှင့်မှ စကားမပြောဆိုဖူးသော မြူသည် သူနဲ့ကျတော့ စကားတွေပြောချင်လာသည်။ သူက မြူ့ကို နှစ်လိုစွာ စကားပြောတာကို နားထောင်ချင်မိသည်။ ပြီးတော့ သူ ဆုတွေ မကြာမကြာ ရတာကိုလည်း မြူ အားကျမိသည်။ စာစီစာကုံးပြိုင်ပွဲတွေဆိုရင် ဆရာမတွေက သူ့ကိုသာ အဓိကဦးတည်ထားပြီး ဝင်ပြိုင်ခိုင်းတတ်သည်။ မြူလည်း သူ့ကို အားကျသဖြင့် တစ်ခါတော့ မူးယစ်ဆေးဝါးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲမှာ ဝင်ပြိုင်ဖူးသည်။ မြူက စာစီစာကုံးပြိုင်ပွဲဝင်ချင်သဖြင့် ဖေဖေ့ကို

mgyoe.com

mgyoe.com

စာအုပ်ဝယ်ပေးဖို့ ပူဆာတော့ ဖေဖေက အလုပ်ရှုပ်လို့ဆိုသော အကြောင်းပြချက်နဲ့ ဝယ်မပေးခဲ့ပေ။ မြူသည် နေခြည်ဦးဆီက စာစီစာကုံးစာအုပ်ကိုသာ တောင်းယူပြီး ဖတ်မှတ်ခဲ့ရသည်။

စာကြည့်တိုက်ထဲမှာ စာစီစာကုံးသွားပြိုင်ရသည့်နေ့က မြူဘေးမှာ နွေဦးကိုကို လာထိုင်သည်။ မြူ့နံဘေးကို သူရောက်လာတော့ ရုတ်တရက် ချွေးစေးများ ပျံ့လာသည်။ စာစီစာကုံးမရေးတတ်၍ ချွေးပျံ့တာထက် သူနဲ့ အနီးဆုံးမှာ ယှဉ်တွဲပြီး ရှိနေပါလားဆိုသောစိတ်က မြူကို အခြားဘယ်ဆီကိုမှ မရောက်အောင် တုပ်နှောင်ထားလိုက်သည်။ သူက အေးဆေးစွာပင် စာထိုင်ရေးနေသလောက် မြူကတော့ မြူ့ရှေ့ကစာရွက်မှာသာ မျက်နှာအပ်လျက် စိတ်လှုပ်ရှားနေမိသည်။ သူ့ကိုလည်း လှည့်မကြည့်ရဲ။ သူ့ဆီက ခပ်သင်းသင်း မွှေးရနံ့ရတော့ မြူကိုယ်မြူ မလုံမခြုံဖြစ်သွားပြီး မြူအဝတ်အစားကို ပြန်ငုံ့နမ်းကြည့်လိုစိတ် ဖြစ်လာသည်။ မြူ က သူ့ဆီက မွှေးရနံ့ကို တိတ်တခိုး ရှူရှိုက်ရင်း သူ့အကြောင်းကိုသာ တွေးနေလေရာ စာရေးဖို့ စိတ်အာရုံမရောက်တော့ပေ။ ဖတ်မှတ်ကျက်မှတ်လာသော အချက်အလက်တွေလည်း ဘာမှမမှတ်မိတော့။

ထိုစဉ် မထင်မှတ်ဘဲ သူ့ဆီက စကားသံကြားရသည်။ မြူက မြူကို ပြောနေတာမဟုတ်သလို ပထမတော့ လှည့်မကြည့်ဖြစ်။ သူက ထပ်ခါထပ်ခါခေါ်တော့မှသာ လှည့်ကြည့်ဖြစ်သည်။

"ဟေ့ ပေတံခဏငှားပါဆိုတာ မကြားဘူးလား၊ ဘာလဲ မငှားချင်လို့လား"

သူက အနည်းငယ် စိတ်မရှည်သည့် လေသံဖြင့် ပြောတော့ မြူလည်း ပျာပျာယာယာ ပေတံလှမ်းပေးလိုက်ရသည်။ သူက မြူ့ကို အူတူတူ၊ အတတကောင်မလေးဆိုသောအကြည့်ဖြင့် မျက်မှောင်ကြုတ်ကြည့်သော်လည်း ထိုနေ့က မြူ့စိတ်မှာ အရွှင်အပျ ဖြစ်မိသည်။ ညကျတော့ သူ ငှားခဲ့သည့် မြူ့ပေတံလေးကိုပဲ ဖွဖွရွရွကိုင်ကြည့်ရင်း ဘာရယ်မသိသော ကြည်နူးပီတိတစ်ခုက လှိုက်ဝေသည်။ မြူနဲ့ပတ်သက်ပြီး သူပြောသည့်စကားက "ဟေ့၊ ပေတံခဏငှားပါဆိုတာ မကြားဘူးလား" တဲ့။ ထိုစကားကိုပင် မြူနားမှာ ခဏခဏ ကြားယောင်ပြီး ထိုပေတံလေးကိုပဲ မြူ့ငယ်ဘဝတစ်လျှောက် မှတ်မှတ်ရရ သိမ်းဆည်းထားမိသည်မှာ မြူ၏ ရူးမူးသော စိတ်ကြောင့်သာ ဖြစ်သည်။

❑

မြူ၏ ကျောင်းသွားကျောင်းပြန် ခရီးသည် တိတ်ဆိတ်ပေမယ့် မြူ အတွက်

mgyoe.com

တော့ စိတ်ငြိမ်အေးမြပါသည်။ ကျောင်းကွင်းပြင်ကျယ်ကြီးကို လမ်းလျှောက်ရသည့် ခရီးတစ်ခဏသည် မြှူကို စိတ်ကူးမိုးတိမ်တစ်ခု ဖန်ဆင်းစေပြီး လွင့်ချင်ရာ လွင့်စေနိုင်သည်။ ကျောင်းကွင်းပြင်တစ်ခုလုံးနီးပါး ပေါက်ရောက်နေသော မြက်ခင်းများ၏ စိမ်းစိုဖွံ့ဖြိုးမှုကို မြှူကြည့်မဝတတ် ဖြစ်ရသည်။ မြှူလမ်းလျှောက်ရာ ကျဉ်းကျဉ်းမြောင်းမြောင်း လမ်းနံဘေးမှာ ပေါက်ရောက်တတ်သော ကန္တရပင်များ၊ တမာပင်များပေါ်မှာ တကျီကျီတကျာကျာ အော်တတ်သော ငှက်တို့၏ အသံများက မြှူ့ကို နှုတ်ခွန်းဆက်နေသလိုပင်။ သည်ခရီး သည်ဝန်းကျင်လေးကိုက မြှူကို အိမ်မပြန်ချင်လောက်အောင် ဖွဲ့ညှို့ထားတတ်သည်။ တစ်ခါတစ်ရံ မြှူမှာ အာခံလိုသောစိတ်ကလေး စိုးစဉ်းမျှရှိပြီဆိုရင် မြှူသည် ကျောင်းကွင်းပြင်အလယ်ခေါင်မှာ ထီးတည်းပေါက်နေသော ထနောင်းပင်အောက်မှာ မြှူ့ဘဝကို မေ့လိုဇာနဲ့ အချိန်ကြာမြင့်စွာနေဖို့ ကြိုးစားမိတတ်သည်။ သို့သော် မြှူသည် တစ်စုံတစ်ခုတွေးကြောက်စိတ်ဖြင့် အချိန်တစ်ခဏမျှသာနေပြီး မြှူ့ ဝပ်ကျဉ်းထဲကို ပြန်ပြီးဦးထိုးစိုက်ရတော့သည်။ ကျဉ်းကျပ်ပိတ်လှောင်ထားသလိုဖြစ်ပေမယ့် သည်ကျဉ်းကျပ်မှုတွေထဲကနေ ထွက်ပြေးလိုရာကို လိုက်မရှာနိုင်တာ၊ လိုက်မရှာဝံ့တာက ကံကြမ္မာ၏ ဖန်ဆင်းလိုရာ ဖန်ဆင်းနိုင်သည့် လက်နက်တစ်ခုပေလား မသိ။

မည်သို့ပင်ဖြစ်စေ မြှူသည် သည်ကျောင်းသွားကျောင်းပြန် ခရီးတိုလေးတစ်ခုကိုပင် နှစ်သက်ခုံမင်ခဲ့သည်။ ကွင်းပြင်ကျယ်ကြီးမှာ မြှူ့လိုပင် ကျောင်းသွားနေကြသော ကျောင်းသွားဖော်များကို မြှူ မြင်ရတွေ့ရသည်။ သူတို့တွေက နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ စာအတူတူကျက်ကာ၊ စကားပြောဆိုကာ၊ ဆော့ကစားကာနဲ့ ခရီးကိုလျှောက်မှန်းမသိ လျှောက်နေကြချိန်တွင် မြှူကတော့ တစ်ယောက်တည်း ပတ်ဝန်းကျင်ကို အဖော်ပြုကာသာ မြှူ့ ခရီးကို မြှူ့အတွေးနဲ့မြှူ ဖြတ်သန်းရလေသည်။ သို့သော်လည်း မြှူ့စိတ်တစ်ခုလုံး လွတ်လပ်ကြည်မွေ့နေလေတော့ တစ်ယောက်တည်းဆိုသောအတွေး တွေးမိချိန်မှာတောင် မြှူ့မှာ အားငယ်စိုးရွံ့စိတ် မရှိခဲ့။

သို့သော် ကျောင်းဆင်းချိန် တစ်ညနေခင်းမှာတော့ မြှူစိတ်တွေ ကျဉ်းထဲကျပ်ထဲ ရောက်နေမိသည်။ မြှူ့နောက်ကနေ သူ ပါလာတာကို ကျောင်းဆင်းချိန်ကတည်းက သိသည်။ အစတော့ မြှူ့နောက် လိုက်နေတာရယ်လို့ မတွေးမိ။ သူ့ကိုလည်း သည်လမ်းမှာ တစ်ခါမှ တွေ့ဖူးတာ မဟုတ်ဘူးလေ။ သို့သော် သူ့ခြေလှမ်းတွေ ပိုပြီးစိပ်လာကျယ်လာပြီးနောက် မြှူနံဘေးသို့ သူ ဖျတ်ခနဲရောက်လာ

တော့ မြူ စိတ်ရှုပ်ထွေးစွာ လှည့်ကြည့်လိုက်သည်။ တိုးအောင်။ သူ ဘာလို့ မြူ့ နောက်ကို လိုက်လာတာလဲ။ သူနဲ့မြူသည် တစ်ခန်းတည်းမှာ စာသင်နေပေမယ့် သူ့ကို မြူ သိပ်ပြီး သတိမထားမိ။ သူက အတန်းထဲတွင် စာညံ့သောကျောင်းသား စာရင်းထဲတွင် ပါဝင်ပြီး အတေဆုံး၊ အလေဆုံး ကျောင်းသားလည်း ဖြစ်သည်။ သူ့အသားက ခပ်ညိုညို၊ မည်းသည့်ဘက်တောင် ရောက်နေမလားမသိ။ သူ့ကြည့် လိုက်ရင် သူ့ကျောင်းစိမ်းအင်္ကျီမှာ ညစ်ထေးထေးနဲ့ ချွေးသံတရွှဲရွှဲ တွေ့ရတတ်သည်။ နွေဦးကိုကိုလို အမြဲသန့်စင်တောက်ပြောင်နေတာမျိုး ရှားသည်။ အမြဲတမ်း ချွေးတွေ သံတွေချည်း နေမှာပေါ့။ သူက အမြဲလို ဘောလုံးကန်၊ ခြင်းခတ်ကစားနဲ့ လှုပ်လှုပ် ရှားရှားနေတာကို။ မြူက သူ့အကြောင်းတွေကို တစ်ခါမှ အလေးအနက်ထားပြီး စဉ်းစားမကြည့်မိဖူးပေ။ သို့သော် သူနဲ့မြူ စာသင်နေချိန်တွင် မျက်လုံးချင်း နှစ်ခါ ဆုံဖူးသည်။ သူ မြူကိုကြည့်သည့် အကြည့်မျိုး ဘယ်ယောကျာ်းလေးထံမှ မြူမရ ဖူးတာမို့ နည်းနည်းပင် ထူးဆန်း ရင်ခုန်ဖူးသည်။ သို့သော် မြူ စိတ်အာရုံတစ်ခုလုံး ကို နွေဦးကိုကိုကသာ လွှမ်းမိုးချုပ်ကိုင်နေတာမို့ တိုးအောင်နဲ့ပတ်သက်သည့် မြူ စိတ်ခံစားမှုသည် လျှပ်စီးပြက်လက်မှုသာ ဖြစ်သည်။

"မြူ"

တိုးအောင်က မြူကို ပြုံးပြဖို့ ကြိုးစားသည်။ သို့သော် မြူက ပြန်ပြုံးဖို့ နေနေသာသာ ဘယ်လိုတုံ့ပြန်ရမလဲ ဆိုတာတောင် မတွေးတတ်ချေ။ မြူမှာ အကျပ် အတည်းရောက်သည့် အချိန်တိုင်း တစ်စုံတစ်ခု တုံ့ပြန်နိုင်ဖို့ကိုပင် မပြုမူတတ်၊ မတွေးတတ်ပေ။ မြူဖြစ်နေကျအတိုင်း မျက်နှာမှာ ချွေးစေးများ ပျံလာလေသည်။ တိုးအောင်က မြူခြေလှမ်းအတိုင်း ထပ်ကြပ်မကွာ လိုက်လာသည့်အပြင် မြူအနား သို့လည်း ပိုပြီးတိုးကပ်လာသည်။

"မြူ ငါ့စာလေး ယူသွားပေးပါဟာ"

"ဟင့်အင်း၊ ဘာစာလဲ၊ မယူဘူးနော်"

မြူသည် တိုးအောင်ကိုမကြည့်။ မြေပြင်ကိုသာ ငုံ့ကြည့်ရင်း ပါးစပ်က လည်းငြင်း လမ်းလည်းသွက်သွက်လျှောက်သည်။ မြူသည် ဘေးဘီကို မော့မကြည့် ပါဘဲ စိတ်ထဲမှာ မြူတို့နှစ်ယောက်ကို တခြားသူတွေက ဝိုင်းကြည့်ပြီး လက်ညှိုးထိုး နေကြပြီဟု တွေးကာ ပို၍ပင် ထူထူပူပူဖြစ်သွားသည်။ တိုးအောင်က စာပေးတာ ရှက်တာထက်၊ လူတွေအများကြီးရှေ့မှာ သည်လိုအဖြစ်အပျက်မျိုး ဖြစ်တာကို ပိုပြီး ရှက်ရွံ့ဗျာပါရဖြစ်နေကာ ခေါင်းတောင်မဖော်နိုင်ပေ။ တိုးအောင်ကတော့ မြူငြင်း

mgyoe.com

mgyoe.com
SAMPLE BOOK

ဆန်လည်း အလျှော့ပေးမည့်ပုံမပေါ်။ မြူနောက်က တွယ်ကပ် လိုက်ပါလာသည်။

"မြူ လုပ်ပါဟာ၊ ဒါလေး ယူသွားပြီး နင်ဖတ်ကြည့်စမ်းပါ"

"ဟင့်အင်း ငါ မယူဘူး၊ ငါ မယူဘူးနော်"

"မြူ"

တိုးအောင်က မြူ့အနား ပိုလို့တိုးကပ်ကာ မြူ့လွယ်အိတ်ကို လှမ်းဆွဲသည်။ မြူသည် ပို၍ပင် ကြောက်ရွံ့ ထိတ်ပျာသွားသည်။ ထို့နောက်မှာတော့ မြူသည် မြူ့ကိုယ်မြူ ဘာလုပ်မိ၍ လုပ်မိမှန်း မသိတော့အောင် တစ်ခဏအတွင်းမှာပင် ရှန်းရင်းဆန်ခတ် ဖြစ်သွားသည်။ တိုးအောင်၏ အော်သံကြားရပြီး တိုးအောင်၏ ဘယ်ဘက်လက်မောင်းကနေတစ်ဆင့် သွေးတွေ တစိမ့်စိမ့် စီးဖြာကျလာသည်။ မြူလည်း လန့်ဖျပ်သွားသည်။ ထိုအချိန်တုန်းက မြူ့လက်ထဲမှာ ခဲတံချွန်သည့် ဓားတစ်ချောင်း ဘာအတွက် အဆင့်သင့်ရှိနေရတာလဲဆိုတာ မြူ ပြန်တွေးတိုင်း မမှတ်မိတော့ချေ။

ထိုနေ့က မြူသည် လူသတ်မှုကျူးလွန်ခဲ့သည့်သူတစ်ယောက်လို တစ်ကိုယ်လုံး ထိတ်ထိတ်ပျာပျာနဲ့ အိမ်သို့ ပြန်လာခဲ့သည်။ ဘွားဘွားက မြူ မူပျက်နေတာကိုကြည့်ပြီး သက်မကင်းဖြစ်လျက်ရှိသည်။ မြူသည် ဘွားဘွားကို လှည့်မကြည့်တော့ဘဲ မြူအခန်းထဲသို့ ပြေးဝင်လာသည့်တိုင်အောင် တုန်တုန်လှုပ်လှုပ် ဖြစ်နေဆဲပင်။ တိုးအောင် ဘာဖြစ်ကျန်ခဲ့မလဲ မြူ မသိ။ တိုးအောင် လက်မောင်းဆီက သွေးတွေ ဖြာဆင်းကျလာသည်နှင့် လူတွေ ဝိုင်းအုံ၍လာသဖြင့် မြူလည်း ကြောက်ကြောက် လန့်လန့် ထွက်ပြေးလာခဲ့ခြင်း ဖြစ်သည်။ ထိုနေ့ညနေက မြူသည် အခန်းထဲမှာ တစ်ယောက်တည်း ဆောက်တည်ရာမရအောင် တုန်ခိုက်ကာ ငိုလည်းငိုမိသည်။ ရင်ထဲတွင်လည်း ဝမ်းနည်းခြင်းကြီးစွာ ဖြစ်သည်။ ဖေဖေသာသိရင် မြူ့ကို သတ်မှာ။ မြူသည် သည်ကိစ္စ ဖေဖေနဲ့ ဘွားဘွား သိသွားမှာ အလွန်အမင်း ကြောင့်ကျစိုးရိမ် ဖြစ်လျက် တစ်ယောက်တည်း မျက်နှာမထားတတ်သလိုပင် မည်သည့်နေရာမှာ ပုန်းအောင်း ကွယ်ဝှက်ရမလဲဆိုတာ မတွေးတတ်တော့ချေ။

မကြာပါ။ မြူ မျှော်လင့်ထားသည့်အတိုင်း မြူ့အခန်းတံခါးဝရှေ့မှာ ဘွားဘွားအော်သံ ကြားရသည်။ ဘွားဘွားက မြူအခန်းထဲက မထွက်မလာချင်း အော်ဟစ် ဆူပူနေတော့ မြူသည် မနေသာတော့ဘဲ အခန်းထဲကနေ မထွက်ချင်ဘဲ ထွက်လာလိုက်ရလေသည်။

"ဘယ်လိုလုပ်လိုက်တာလဲ မြူနှင်းဝေ၊ နင် ကောင်လေးတစ်ယောက်ကို

mgyoe.com

mgyoe.com
SAMPLE BOOK

စားနဲ့ ထိုးလိုက်တယ်ဆို၊ အခုပဲ သူ့မိဘတွေလာတိုင်လို့ ဆေးဖိုးပေးရ၊ တောင်းပန်ရနဲ့ ငါ့မှာ စိတ်ဆင်းရဲလိုက်ရတာ၊ နင်ဟာလေ ဘယ်နေရာမဆို တော်တော် အစဉ်းစား အဆင်ခြင်ဉာဏ်နည်းပါလား"

"မဟုတ်ဘူး ဘွားဘွား၊ သူက သမီးကို-"

"တော်စမ်း ဒါ၊ နင်ပြောလိုက်ရင် ဆင်ခြေဆင်လက်နဲ့"

ထိုနေ့ တစ်ညနေလုံး မြူသည် ဘွားဘွားလက်ညှိုးထိုးစွပ်စွဲသမျှ ဖြေရှင်းခွင့် မရလိုက်ဘဲ မျက်ရည်နဲ့ မျက်ခွက်နဲ့သာဖြစ်သည်။ ဖေဖေပြန်လာရင် မြူ့ကို ဘာများ ပြောမလဲဆိုသော စိုးရွံ့စိတ်နဲ့ ညရောက်လာမှာကိုပင် စိုးတထိတ်ထိတ်ဖြစ်နေမိသည်။ ဘွားဘွားကတော့ ဖေဖေပြန်လာရင် သည်အကြောင်းတွေ မတိုင်ဘဲ နေမှာမဟုတ်။

အမှန်တကယ်ပင် ဖေဖေပြန်လာတော့ ဘွားဘွားသည် မြူအကြောင်းတွေ တစ်ခွန်းမကျန်တိုင်သည့်အပြင် ပိုပိုသာသာလေးပါ သူ့အမြင်နဲ့ ပေါင်းစပ်ပြောပြ လေတော့သည်။

"ဒီအရွယ်လေးနဲ့များ ရည်းစားစာအပေးခံရတယ်ဆိုတော့ ကြီးရင်လွယ်မှာ တောင် မဟုတ်ဘူး၊ သက်သက်မာသမီး သက်သက်မာအတိုင်း လာဦးမှာပဲ၊ မင်း သမီးကို မင်း ကြပ်ကြပ်ထိန်းနော် မောင်ပန်းဝေ"

ဘွားဘွားပြောလိုက်ရင် သက်သက်မာ သမီး သက်သက်မာအတိုင်းပဲ ဆိုသော စကားက မပါရင် မပြီးပေ။ မြူသည် ထိုစကားကြားတိုင်း အလွန်တရာ သေးငယ်သော မြူတစ်မှုန်စာမျှ ဖြစ်သွားသည်။ သည်စကားနဲ့ မြူသည် ခေါင်းမဖော် နိုင်ရုံသာမက မြူစိတ်မှာလည်း ကြီးစွာသော ဒဏ်ရာအနာတရ ထင်လေသည်။ တကယ်တော့ ဘွားဘွားသည် သည်စကားဖြင့် မြူနဲ့ မေမေကို ပိုင်းခြားခွဲခြမ်းလိုက် ကြောင်း ဘွားဘွားကိုယ်တိုင်က သိနားလည်လောက်အောင် အတွေးအမြင် မရင့် သန်ခဲ့ပေ။

မြူက သည်စကားကြားတိုင်း ရင်ထဲမှာ ရှက်ရွံ့တကြီး သိမ်ငယ်လျက် ဝမ်းနည်းကြေကွဲစွာ မျက်ရည်မဆည်နိုင်အောင် ဖြစ်မိသည်။ မြူသည် မျက်ရည်တွေ ဝေ့သီနေလျက်က ဖေဖေ မြူ့ကို ရိုက်လိုက်မလားဟု တွေးကြောက်ကာ တစ်ကိုယ် လုံး တုန်ချိနေမိသည်။ သို့သော် အံ့သြစရာကောင်းစွာပင် ဖေဖေ မြူ့ကို မရိုက်ပါ။ မြူ့ကို မရိုက်သည့်အပြင် ငိုနေသည့် မြူ့ ပခုံးနှစ်ဘက်ကို ခပ်ဖွဖွ ဆုပ်ကိုင်လျက် တစ်ခါမှ စကားရှည်ရှည်ဝေးဝေး မပြောစဖူး ပြောဆို အားပေးလေတော့သည်။

"နောက်တစ်ခါ သမီးကို ဒီလိုလိုက်ပြီးနှောင့်ယှက်ရင် သမီး ခေါင်းငုံ့မခံခဲ့နဲ့

mgyoe.com

mgyoe.com SAMPLE BOOK
သမီးကို လာထိတဲ့သူမှန်သမျှ အမိအရလုပ်ခဲ့၊ သမီးဘေးမှာ ဖေဖေရှိတယ်၊ သမီးဖြစ်လာတာမှန်သမျှ ဖေဖေ့ဘာသာ ကြည့်ရှင်းမယ်၊ သမီး ဘာမှကြောက်စရာ မလိုဘူး၊ သမီးကို ဖေဖေ ဘာမှ အပြစ်မတင်ဘူး၊ နားလည်လား"

မြူသည် ရုတ်တရက် မျက်ရည်များ ရပ်သွားပြီး ဖေဖေ့ကို အံ့အားတသင့်ငေးမောကြည့်မိသည်။ ဖေဖေ့ဆီက သည်လို အားပေးစကားမျိုး သည်လို ယုယကြင်နာမှုမျိုး တစ်ခါမှ မခံစားရဖူးသဖြင့် မြူ အိပ်မက်များ မက်နေသလားဟု ဝေခွဲမရ။ သို့သော် ဖေဖေ၏ နူးညံ့စူးရှသော မျက်လုံးတွေမှာ မြူအတွက် အကြင်နာခွန်အားတွေ တွေ့လိုက်ရတော့ ထိုအချိန်ကလောက် မြူကိုယ်မြူ ယုံကြည်စိတ်ချရမှု ဘယ်တုန်းကမှ မပြိုးပြက်ခဲ့ဖူးပေ။ ထိုအချိန်လေးမှာ မြူသည် ဖေဖေ့ကို ဘယ်လောက်တောင် အားကိုး ခိုမှီလိုသလဲဆိုတာ သိလိုက်ရပြီး ဖေဖေ့အပေါ် မှာထားသည့် အချစ်အကြင်နာသည် ပိုလို့ပင် ဝေဖြာ သစ်ထွန်းခဲ့လေသည်။

ဖေဖေ့ဆီက အားခွန်တွေနဲ့ မြူ စိတ်သက်သာရာရခဲ့ပေမယ့် ထိုသတင်းသည် တောမီးလို ပျံ့နှံ့ကာ မြူသည်လည်း ကျောင်းမှာရော၊ ရပ်ကွက်ထဲမှာရော ကျော်ကြားခြင်း ဖြစ်လိုက်သည့်အတွက် ဘယ်နေရာသွားသွား မြူ မျက်နှာမထားတတ်အောင် အသံပေါင်းစုံ ကြားရလေသည်။

ကျောင်းမှာတော့ ယောကျ်ားလေးများက မြူကို ရှောင်ခွာ ဖယ်ကြဉ်ကြပြီး မိန်းကလေးများကတော့ အံ့သြကြ၊ သနားကြနဲ့ ရှုပ်ထွေးနေကြသည်။ နွေဦးကိုကိုကရော မြူကို ဘယ်လို သဘောထားမလဲဟု မြူ သိချင်လှသော်လည်း ဘယ်သောအခါမျှ သိခွင့်ရမယ်မဟုတ်မှန်း သိနေသဖြင့် မေ့ပစ်ဖို့သာ အတင်းပင် ကြိုးစားရလေသည်။ မြူသည် တိုးအောင်မျက်နှာကို စေ့စေ့ကြည့်ဖို့ မဆိုထားနှင့်။ ယောင်ယမ်းပြီးတောင် မကြည့်ဝံ့တော့ပေ။

အိမ်မှာတော့ ဘွားဘွားသည် အိမ်လာလည်သည့် ဧည့်သည်မှန်သမျှသည်အကြောင်းကိုသာ တစ်လကိုးသတင်း မရိုးနိုင်အောင်ပြောပြကာ မြူကို ရယ်ပွဲဖွဲ့နေကြသည်။ မြူကို ဂရုမစိုက်တာလား၊ မြူ မကြားလောက်ဘူး ထင်လေသလားမသိ။ မြူအကြောင်းတွေကို စိတ်ဝင်စားစရာ သတင်းတစ်ပုဒ်ပမာ ပြောကောင်းဆိုကောင်း ရှိကြတုန်း။ ပြီးတော့ သူတို့၏ မှတ်ချက်တွေက တော်တော် အံ့သြဖို့ကောင်းသည်။

"လူကြည့်တော့သာ အေးအေးဖျော့ဖျော့၊ စကားတောင် လေလုံးကွဲအောင် မပြောတတ်ဘူး၊ ဒါကို ငယ်ငယ်ရွယ်ရွယ်နဲ့ လူတစ်ယောက်ကို ဓားနဲ့ထိုးသတဲ့လား"
mgyoe.com

mgyoe.com SAMPLE BOOK

“တော်တော်မိုက်တဲ့ ကောင်မလေးပဲ”

ငယ်ရွယ်စဉ် သည်းထန်သော အရှက်နဲ့ လုပ်မိလုပ်ရာ လုပ်ခြင်းကို မိုက်မဲသည်ဟု လူ့ဘဝကို သုံးပုံနှစ်ပုံ ဖြတ်သန်းပြီးသူများက အပြစ်ဖို့လေသောအခါ လူကြီးဆိုတာ ဘယ်လိုလူစားမျိုးလဲဟု မြူ အမြဲတစေ သိချင်မိသော ပုစ္ဆာတစ်ပုဒ် ဖြစ်လာခဲ့လေသည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၂)

*"နေဝင်ပြီဆိုရင် ကိုယ်လေ ငိုချင်တယ်*
*ရင်မှာနာကျင်စွာ ဆွေးတယ်*
*အဆောင်မှာ မှောင်ရီပိုးတဝါးနဲ့*
*နံရံပေါ်မှာ ပုံရိပ်ကလေးရယ်*
*နှလုံးသားက အစွဲအလမ်းများလည်း*
*မီးလို လောင်ကျွမ်းဆဲ*
*လွမ်းမိတယ်။"*

မြူအတွက်တော့ တက္ကသိုလ်တက်ခွင့်ရခြင်းသည် ဘဝသစ် စခြင်းပင် ဖြစ်သည်။ အိပ်မက်သစ် မက်ခြင်းပင် ဖြစ်သည်။ တက္ကသိုလ်တက်ခွင့်ရဖို့ မြူ ဘယ်လောက်တောင် စိတ်ကူးယဉ် မျှော်လင့်လိုက်ရသလဲဆိုလျှင် ဆယ်တန်းဖြေပြီး ကျောင်းပိတ်ထားသည့်အချိန်တွေမှာ တက္ကသိုလ်နောက်ခံ ဝတ္ထုဇာတ်လမ်းတွေ ချည်းသာ ရွေးချယ် ဖတ်မိနေခဲ့သည်။ ဆယ်တန်းအောင်ဖို့ကိုလည်း ဘုရားမှာ ဆုတောင်းလိုက်ရတာ အမောပင်။ ဘွားဘွား သင်ကြားသည့်အတိုင်း ဘုရားတရား များများလုပ်နိုင်အောင် ကြိုးစားမိသည့်အချိန်လည်း ဖြစ်သည်။ (စာမေးပွဲဖြေပြီးပြီးချင်း တချို့သူငယ်ချင်းတွေက လေးငါးဆယ်ရက် သီလရှင်ဝတ်ကြပေမယ့် မြူကတော့ မြူ၏ တိုနံ့နံ့ဆံပင်ကို ပယ်ရမှာ နှမြောတသစိတ်နဲ့ မဝတ်ဖြစ်ခဲ့ပေ။)

mgyoe.com

mgyoe.com SAMPLE BOOK

မြူ စာမေးပွဲ ဖြေဆိုနိုင်ခဲ့ပေမယ့်လို့ ကျေနပ်အားရလောက်အောင်တော့ မဖြစ်ခဲ့ပါ။ သို့အတွက်ကြောင့် စိုးရိမ်ပူပန်စိတ်လည်း ရှိခဲ့သည်။ မျှော်လင့်အားထားစိတ်လည်း ဝေခဲ့သည်။ တက္ကသိုလ်တက်ခွင့်ရခဲ့ရင် ဆိုသောစိတ်သည် မြူ့စိတ်ကို အဆုံးမရှိသော ကောင်းကင်လေဟာနယ်ထဲကို ပျံဝဲစေခဲ့သည်။ တက္ကသိုလ်တက်ခွင့်ရခဲ့ရင် ပထမဆုံး မြူသည်အိမ်ကြီးထဲကနေ လွတ်မြောက်ခွင့်ရမှာတော့ သေချာလေသည်။ သည်အိမ်ကြီးထဲကနေ လွတ်မြောက်ခွင့်ရဖို့ ရှစ်တန်းကျောင်းသူဘဝက တစ်ခါ မျှော်လင့်ခဲ့သေးသည်။ သည်တုန်းက ကိုးတန်းရောက်ရင် ကိုကြီးတို့၊ ကိုငယ်တို့လို မြူကိုလည်း ဘော်ဒါ ပို့လိမ့်မယ်ဟု တွေးထင်ထားရာ တကယ်တမ်းကျတော့ မြူမျှော်လင့်သလို ဖြစ်မလာခဲ့ပေ။ ဖေဖေက မြူ လူတွေကြားထဲ ရောထွေး မနေတတ်ဘူးဆိုကာ ဘော်ဒါဆောင်မပို့ဘဲ အိမ်မှာသာ ဆရာခေါ်ပြီး စာသင်စေသည်။ မြူကလည်း ဖေဖေ ဘာလုပ်လုပ် ဖေဖေစီမံသမျှ တစ်ခွန်းမှ မကန့်ကွက် မတောင်းဆိုဘဲ ဆိတ်ဆိတ်သာ နေဖြစ်သည်။

တက္ကသိုလ်တက်ခွင့်ရပြန်တော့လည်း ဖေဖေက မြူ့စိတ်ကူးကို ဖျက်ဆီးပစ်ဖို့ ကြိုးစားပြန်သည်။ ထိုနေ့ညနေက ဖေဖေသည် ဈေးမှ အစောဆုံးပြန်ရောက်ကာ အိမ်ရှေ့ခြံထဲ ဆင်းထိုင်နေခဲ့သည်။ မြူသည် ခြံထဲဆင်းကာ ညနေတိုင်း ပန်းပင်ရေလောင်းနေကျ ရေထွက်လောင်းသည်။ ခြံထဲမှာ မြူစိုက်ထားသည့် သံပုရာပင်လေးမှာ အညွန့်တလူလူထွက်ကာ ရှင်သန်နေလေသည်။ ကိုယ်တိုင်ကိုယ်ကျ စိုက်ပျိုး ပြုစုထားသည့်အပင်က စိမ်းစိုလန်းဆန်းစွာ ရှင်သန်နေတာကို ကြည့်ရတာလောက် စိတ်ကြည်နူးအေးချမ်းရတာမျိုး မရှိနိုင်တော့ပေ။ ဒါတောင်မှ သံပုရာပင်စိုက်ကာစက ဖေဖေ တွေ့တော့ ဘာပြောတယ် ထင်သလဲ။

“အချိန်ကုန်ခံပြီး ဘာလို့စိုက်နေမှာလဲ သမီးရယ်၊ ဈေးထဲမှာ ပေါလွန်းလို့ တစ်လုံး ၅၀ ပေးဝယ်ရင် ရတာပဲ” တဲ့။

ဖေဖေ့ဆီက သည်လို စကားကြားတော့ မြူသည် ဘာကို အားငယ်မှန်းမသိ အားငယ်သွားလေသည်။ ဖေဖေပြောတာ မှန်နေသလားလို့လည်း ယုန်ထင်ကြောင်ထင် တွေးနေသေးသည်။ သို့သော် ဖေဖေပြောသလို ဈေးထဲကနေဝယ်ရင် ရတာမှန်ပေမယ့် ထိုသံပုရာသီးက ကိုယ် ကြင်နာယုယစွာ စိုက်ပျိုးထားသည့် သံပုရာပင်က သံပုရာသီးမဟုတ်သဖြင့် တန်ဖိုးထားပုံခြင်းတော့ ခြားနားနေလိမ့်မည်။ ဒါကို ဖေဖေ မသိဘူးလား၊ မတွေးမိဘူးလား။ မြူက မြူဘာလုပ်လုပ် ဖေဖေက ကောင်းချီးပေးတာပဲဖြစ်ဖြစ်၊ မြူ ဖြစ်ချင်တာကို ဖေးကူ ထောက်ပံ့တာပဲဖြစ်ဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

မျှော်လင့်ခဲ့ဖူးသည်။ သို့သော် ဖေဖေသည် မြူ့စိတ်ကူးကို အရောင်စိုလက်လာအောင် မွေးကူ ဆေးခြယ်တာထက် မွေးမှိန်ပျောက်ကွယ်သွားအောင်သာ ဖျက်ဆီးပစ်ဖို့ တတ်နိုင်လေသည်။

မြူသာ တက္ကသိုလ်တက်ခွင့်ရမည်ဆိုလျှင် ဖေဖေတို့၊ ဘွားဘွားတို့ ကွယ်ရာမှာ မြူလုပ်ချင်တာ လုပ်ခွင့်ရတော့မည်ဆိုသော အတွေးလေးဖြင့် မြူသည် တက္ကသိုလ်တက်ဖို့ရာ စိတ်ဇောလျှင်စွာ စောင့်စားခဲ့သည်။ အခုတော့ မြူတက္ကသိုလ်တက်ခွင့်ရတော့မည်။ သို့သော် ထိုညနေက ဖေဖေပြောသည့် စကားတွေကြောင့် မြူ့မျှော်လင့်ချက်များ ပျက်ပြယ်ရတော့မလို ဖြစ်ခဲ့ရသည်။

"ကျောင်းဆက်တက်ဦးမှာလား သမီး၊ ကျောင်းဆက်မတက်ဘဲ ဖေဖေတို့နဲ့ အတူတူနေပြီး ဖေဖေ့အလုပ်မှာ ဝင်ကူပါလား၊ ဖေဖေ့မှာလည်း လူလိုနေတာ၊ သမီးအစ်ကိုတွေကလည်း ကျောင်းသွားတက်နေကြတော့ ဖေဖေ့မှာ အားကိုးအားထားမရှိဘူးဖြစ်နေတယ် သမီးရယ်၊ ပြီးတော့ သမီးဘွဲ့ရတော့ကော ဘာလုပ်မှာလဲ၊ ဖေဖေ့အလုပ်ပဲ လုပ်ရမှာပဲ မဟုတ်ဘူးလား၊ အခုခေတ်က ပညာတွေသင်ပြီးလည်း အလကားပါပဲ သမီးရယ်၊ ဘာမှ သုံးစားစရာ မရှိပါဘူး၊ နောက်ပြီးတော့ သမီးကိုလည်း ဖေဖေစိတ်မချဘူး၊ သမီးက လူတွေနဲ့ ပေါင်းတတ် သင်းတတ်တာလည်း မဟုတ်တော့ သမီးအနေရခက်မှာ စိုးတယ်၊ ကောင်းတဲ့၊ ရိုးတဲ့လူဆိုတာလည်း ရှားပါတယ်၊ သမီး စိတ်ညစ်မယ်"

နေအေးချိုသွေးသည့် ညနေခင်း လှလှပပအချိန်မှာ စိမ်းစိုထုံမှိုင်းသော ရွက်လှပန်းပင်တစ်အုပ်ကို ရေလောင်းနေသည့် မြူ့နံဘေးကို ဖေဖေ ညင်သာစွာ ရောက်လာသည့်အချိန်မှာတော့ မြူ့ရင်ထဲမှာ နေအစင်းလိုက် ပူဌွေ့ကျွမ်းခြစ်သွားရသည်။ မြူကိုင်ထားသည့် ရေပန်းသည် မြူ့လက်ထဲမှာ တဆတ်ဆတ်တုန်နေကြပြီး ရေပိုက်က ရေတွေလည်း ဖရိုဖရဲ လွင့်စင်ကုန်ကြသည်။ မြူ့မျက်လုံးထဲ ချက်ချင်းပင် မျက်ရည်တွေ ဝိုင်းတက်လာသည်။

ကိုကြီးနဲ့ ကိုငယ်က တောင်တစ်ယောက်၊ မြောက်တစ်ယောက် ကျောင်းသွားတက်နေကြချိန်မှာ မြူ့ကိုကျတော့ ကျောင်းမတက်နဲ့လို့ ဖေဖေဘာလို့ တားနေသလဲ။ ဖေဖေအထင်သေးသည့် ဘယ်တော့မှ မချမ်းသာဘူးဆိုသည့် ဝန်ထမ်းမိဘတွေတောင်မှ မရှိနွမ်းပါးသည့်ကြားထဲကနေ သူတို့သားသမီးတွေ တက္ကသိုလ်သွားနိုင်ဖို့ကို ဂုဏ်ယူဝင့်ကြွားစွာ ဖြည့်ဆည်းစိတ်ပါနေသလောက် ဖေဖေကတော့ မြူ တက္ကသိုလ်တက်မှာကို မလိုလား မကြည်ဖြူနိုင်တာ၊ ဖေဖေပဲ မြူ့အပေါ်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

သဒ္ဓါနည်းလို့လား။ မြူကရော တက္ကသိုလ်မှာ လူတွေနဲ့အတူတူ မနေတတ်နိုင်အောင် အဲဒီလောက်တောင်ပဲ နုံချာ အားနည်းနေပြီလား။ ကျွေးမွေးသုတ်သင်ရသည့် မိဘ ဆိုတာလည်းရှိနေပြီး ထိုမိဘတွေမှာလည်း ဖြည့်ဆည်းပေးနိုင်သည့် အခြေအနေ ရှိနေပါရက်နဲ့ ဖြည့်ဆည်းပေးဝေလိုသည့် အတွေးအခေါ်၊ အသိအမြင် နုံနဲ့သည့်အခါ ကလေးတစ်ယောက်၏ အနာဂတ်ဟာလည်း ဘယ်သို့ရှိမည်လဲ။ မြူသည် မြူ့ဘဝကို မှန်းဆတွေးတောစပြုပြီ ဖြစ်သည်။

မြူသည် ဖေဖေ့ကို ဘာစကားမှ မပြောမိဘဲ အံ့သြတွေဝေစွာကြည့်ရင်း မျက်ရည်တွေ တလိမ့်လိမ့် စီးကျလာသည်။ တကယ်ဆိုရင် မြူ ငြင်းသင့်သည်။ မြူ ကျောင်းပဲတက်ချင်တာ ဖေဖေလို့။ သို့သော် မြူသည် မြူဖြစ်ချင်တာ၊ မြူလုပ်ချင် တာကို ဖေဖေ့ကို ဖွင့်ဟမပြောသည့်နည်းတူ မြူမဖြစ်ချင်တာ၊ မြူမလုပ်ချင်တာကို လည်း ငြင်းဆန် ဖယ်ရှားပစ်ရဲသည့် သတ္တိလည်း နည်းလှလေသည်။ မြူသည် ဖေဖေကိုသာ တွေတွေကြီးကြည့်လျက် မျက်ရည်တွေသာ စီးကျနေသည်။ မြူ မျက်ရည်တွေကို ဖေဖေမြင်ပြီး သနားကြင်နာစိတ်ဝင်နိုင်ကောင်းရဲ့ဟု တွေးမိသော် လည်း ဖေဖေ့ဆီက ကြားရသောစကားက "ဘယ်လိုလဲ သမီး" တဲ့။

မြူသည် လက်ထဲက ရေပန်းကို ပစ်ချထားခဲ့ပြီး ဖေဖေ့ရှေ့ကနေသာ လှည့်ထွက်လာမိသည်။ ရင်ထဲတွင်ရှိသော ဝမ်းနည်းလှိုက်ဟာစိတ်တို့ကို အခန်းထဲ ရောက်တော့ မီးတောင်ပေါက်ကွဲလိုက်သလို မျက်ရည်အဖြစ် အကုန်အစင် သွန်ချ ပစ်လိုက်တော့သည်။ သို့သော် မျက်ရည်တွေက ကုန်စင်မသွားဘဲ တမြေ့မြေ့ တိုး၍သာ ဝမ်းနည်းလှိုက်ဟာလျက် ရှိလေသည်။ မြူသည် အခန်းထောင့်မှာကပ် လျက် ခန္ဓာကိုယ်ကို သေးကျုံ့ငြိမ်ဝပ်ထားလိုက်သည်။ အဆက်မပြတ် ငိုရှိုက်နေ ရသောကြောင့် မြူတစ်ကိုယ်လုံးက လှုပ်ခါနေလေသည်။ သည်ကမ္ဘာလောကကြီး မှာ မြူ ဖြစ်ချင်တာကို မြူ့ဘာသာမြူ လုပ်ယူဖန်တီးယူလို့ မရတော့ဘူးလား။ မြူ ဟာ သည်ကမ္ဘာလောကကြီးမှာ ဘာမှမဖန်ဆင်းနိုင်ရှာသည့် သေးငယ်မှုန်ဝါးသော မြူမှုန်မြူစလေးလား။

မှန်တင်ခုံပေါ်မှာ မနေ့က စာအုပ်ဆိုင်ကနေ ငှားထားသော နွမ်ဂျာသိုင်း၏ အိပ်မက်ထဲကတက္ကသိုလ် စာအုပ်ကိုမြင်တော့ မြူ ပိုပြီးရှိုက်ငိုမိသည်။ သွားပြီပေါ့။ မြူ စိတ်ကူးယဉ်ထားတဲ့ အိပ်မက်ထဲကတက္ကသိုလ်။ တက္ကသိုလ်ရောက်ရင် ဘာတွေ ဘယ်လိုလုပ်မယ်၊ ဘယ်တွေ လျှောက်သွားမယ်၊ ဘာတွေ စားမယ်ဆိုပြီး မြူ စိတ်ကူး အယဉ်ကြီး ယဉ်ထားခဲ့တာတွေ။ အခုတော့ မြူ့စိတ်ကူးတွေ အဖျက်ဆီးခံလိုက်ရပြီ။

mgyoe.com

m gyobe . c o m SAMPLE BOOK

မီးလောင်တိုက် အသွင်းခံလိုက်ရပြီ။ မြူ့စိတ်ကူးတွေဟာ သူတစ်ပါး၏ ခြေနင်းအောက်ကို ဘာကြောင့် မကြာမကြာ ရောက်ရောက်သွားရတာလဲ။ ဒါတွေဟာ မြူ့စိတ်နုံ့နဲလို့၊ မြူထုံအလို့၊ မြူသတ္တိမဲ့လို့။ မြူဟာ ဘာကြောင့်များ လူ့လောကမှာ သိမ်မွှားသေးငယ်သည့် အစိတ်အပိုင်းတစ်ခု ဖြစ်နေရတာလဲ။

ဖေဖေ့ကို အလိုမကျစိတ်၊ မြူ့ကိုယ်မြူ မုန်းတီးစိတ်၊ အရာရာကို အားလျော့ပျက်ပြယ်စိတ်၊ နွမ်းနယ်ပူလောင်စိတ်၊ တသသကြေကွဲစိတ်၊ နာကြည်းဝေဝါးစိတ်၊ ကူကယ်ရာမဲ့စိတ် စသည့်စိတ်တွေနဲ့ ထွေးလုံးရစ်ပတ်ရင်း ထိုညက မြူအတွက်ပိုပြီး အထီးတည်းကြေကွဲစေခဲ့သောည ဖြစ်ခဲ့သည်။ မောပန်းနွမ်းလျစိတ်ဖြင့် တစ်ခဏ အသေလိုမေ့ပြီး အိပ်ပျော်သွားတာတောင်မှ မေမေ့ကို အိပ်မက် မက်ခဲ့သည်။ မေမေ့မျက်နှာကိုတွေ့တော့ အားကိုးတကြီး တွယ်ရာတွေ့ပြီဟု ပျော်ရွှင်ကာ ပြေးသွားစဉ် မေမေ့မျက်နှာနောက်ကနေ ယောကျ်ားတစ်ယောက်၏မျက်နှာ ထွက်ပေါ်လာပြီး နှစ်ယောက်သား အပြန်အလှန် နမ်းနေကြရာ မြူသည် စက်ဆုပ်နာကြည်းလာပြီး “မေမေ့ကို မုန်းတယ်၊ မေမေ့ကို မုန်းတယ်” ဟု အတင်း ကျိုးအော်လျက် မေမေနဲ့ဝေးရာကို ပြေးနိုင်သလောက်ပြေးရာ မော၍မောမှန်းပင် မသိတော့ပါတဲ့။ အိပ်ရာက လန့်နိုးစဉ် မြူမျက်ရည်တွေလည်း ကျလို့ကျမှန်းပင် မသိတော့။

မြူသည် တော်ရုံနှင့် ထမင်းထွက်မစားတော့ဘဲ အခန်းထဲမှာသာ အောင်းနေဖြစ်သည်။ ဖေဖေ့ဆီက သမီးကို ချော့မော့ခွင့်ပေးသည့်စကားသံကို ကြားရမလားဟု စိတ်ကူးနဲ့ မျှော်လင့်စောင့်စားနေမိကာမှ ဖေဖေသည် မြူအခန်းဝဆီကိုတောင် ရောက်မလာဘူးဆိုတာ သိသည့်နောက်မှာတော့ ရင်ထဲတွင် ပြောမပြတတ်လောက်အောင် တမြည့်မြည့်ကြေမွသွားလေသည်။ မြူသည် စာဖတ်ချင်စိတ်လည်း မရှိတော့။ စာအုပ်အငှားဆိုင်ကနေ ငှားလာသည့် နွမ်ဂျာသိုင်း၏ စာအုပ်ကိုလည်း အခုထိ ပြန်မအပ်ရသေး။ မြူက စိတ်ကူးတယဉ်ယဉ်နဲ့ ဖတ်ခဲ့သော ထိုစာအုပ်သည် အခုတော့ ကြောက်စရာလန့်စရာ၊ စိတ်ပျက်စရာအဖြစ် မြင်ယောင်မိပြီး စာအုပ်ကို မှန်တင်ခုံအံဆွဲထဲ ပစ်ထည့်ထားလိုက်လေသည်။ မြူသည် အရာရာအားလုံးကို စိတ်ပျက်အားလျော့နေပြီး ဘဝမှာ အသက်ရှင်သန်ချင်စိတ် နွမ်းနယ်ပျက်ယွင်းသွားလေသည်။ ထိုအခါတိုင်း မြူသည် အိမ်မှထွက်ကာ ခြေဦးတည့်ရာ လျှောက်သွားချင်နေမိသည်။ မြူ့ဘဝ ဘာပဲဖြစ်ဖြစ် စုတ်ပြတ်သတ် နုံချာပါစေဦး မြူလုပ်လိုရာကိုသာ လုပ်လိုသည်။ မြူ ဖြစ်ချင်ရာကိုသာ တော်သင့်မတော်သင့် မစဉ်းစားဘဲ ဖြစ်လိုလှသည်။ သို့သော် တော်တော့်ကို စိတ်ပျက်ညစ်ညူးဖွယ်ရာ ကောင်းစွာ

m gyobe . c o m

ထိုစိတ်ကူးကို မြူ့အတွေးထဲမှာသာ တွေးရုံယဉ်ရုံ ကြည့်ပေမယ့် တကယ်တမ်းမှာတော့ မြူကိုယ်က မြူအခန်းထဲကနေ မထွက်ပေ။ မြူ စိတ်ပျက်အားလျော့ရပါလေတော့သည်။

သုံးရက်တာကာလစလုံး အခန်းအောင်းကာနေသော မြူ့အခန်းဝကို ဘွားဘွားတစ်ယောက်သာလျှင် လာရပ်ပြီး မြူကို ထမင်းစားဖို့ ခေါ်လေသည်။

"ဟဲ့ ထမင်းလေး ဘာလေး ထွက်စားဦးလေ၊ ထမင်းမစား ဘာမစားနဲ့ တော်နေကြာ သေသွားမှဖြင့် ငါတို့ကို အရပ်ကကဲ့ရဲ့နေကြပါဦးမယ်၊ တကယ်တဲ့ တော် ဖအေက ကောင်းစေချင်လွန်းလို့ စီမံတာကို သူက အရွဲ့တိုက်ချင်သေးတယ်၊ ညည်းအနေနဲ့ တက္ကသိုလ်တက်လို့လည်း အဆင်ပြေမှာမဟုတ်ပါဘူး၊ အခုတောင် လူထဲသူထဲ မထွက်ရဲ မပြောရဲ မဆိုရဲတာ၊ ဟိုရောက်ရင် ညည်းလိုဟာမျိုး နေတတ်မှာလည်း မဟုတ်ပါဘူးအေ၊ ညည်းနဲ့ ဖြစ်မယ်မထင်ပါဘူး"

အို... ဘွားဘွားစကားတွေက မြူ စိတ်ကို ဟိုးချောက်နက်နက်ထဲ ဆွဲဖို့နေသလိုပဲ။ မြူသည် ဘွားဘွားစကားနဲ့တင် ကိုယ့်စိတ်နဲ့ကိုယ် ချောက်ချားသွားပြန်ကာ ဖေဖေပြောသလို အိမ်မှာပဲ နေလိုက်ရတော့မလားဟု မျက်ရည်ဝေသည့်ကြားထဲကနေ ငြိမ်သက်တွေဝေသွားခဲ့ရသည်။ သို့သော် မြူ့စိတ်ကို မြူတောင် သုံးသပ်ဝေခွဲ မဆုံးဖြတ်နိုင်သေးခင် ကိုကြီးက ဆုံးဖြတ် သတ်မှတ်ပေးလိုက်လေသည်။

အိမ်ကို ကျောင်းပိတ်ရက်ပြန်လာသော ကိုကြီးက မြူကို တက္ကသိုလ်တက်စေဖို့ ဖေဖေ့ထံ ခွင့်ပန်ပေးသည်။ သူ့ညီမကို လူရှိသေရှင်ရှိသေ ဘွဲ့တစ်ခုလောက်တော့ ရစေချင်တယ်တဲ့။ ကိုကြီး ဖျောင်းဖျတိုက်တွန်းသဖြင့် ကိုကြီးကို လူကြီးအရာထားနေပြီဖြစ်သော ဖေဖေက ခွင့်မပြုချင်လျက်က စဉ်းစဉ်းစားစား လက်ခံခွင့်ပြုခဲ့သည်။ သည်တစ်ကြိမ်နဲ့ပင် မြူသည် ကိုကြီးသက်နှင်းဝေကို အစ်ကိုတစ်ယောက်အဖြစ် လေးလေးစားစား အသိအမှတ်ပြု ကျေးဇူးတင်ရလေသည်။

သို့သော် မြူ့စိတ်သည် လွတ်လပ်တောက်ပစွာ မပျော်ရွှင်တော့ဘဲ ရင်ထဲတွင် တစ်စုံတစ်ရာ လေးပင်စူးနစ်နေသည်။ မြူ့ရင်ထဲမှာ နှုတ်မရသော ဆူးတစ်ချောင်း နစ်နစ်နက်နက် စိုက်ဝင်သွားတာ မြူ ကိုယ်တိုင်ပင် မသိလိုက်ပေ။

❑

တက္ကသိုလ်ကို ရောက်လာသော်လည်း မြူတက်ရသည့် တက္ကသိုလ်သည် မြူစိတ်ကူး အိပ်မက်ထဲက တက္ကသိုလ်တော့မဟုတ်ပေ။ မြူက မြူဖတ်သည့် ‹ဝတ္ထု› တွေထဲကလို ကံကော်ပင်ကို မြင်တွေ့ရမည်။ ရေတမာကို မြင်တွေ့ရမည်။ သစ်ပုတ်

mgyoe.com

mgyoe.com SAMPLE BOOK

ပင်ကို မြင်တွေ့ရမည်ရယ်လို့ ထင်မှတ်ခဲ့ဖူးသည်။ တကယ်တမ်းတော့ မြူနှင်းဝေသည် ဘယ်အရာမဆို တဖြောင့်တည်းတွေးကာ တွေးမြင် ရိုးအလွန်းလှသည့် ကလေးမလေးသာသာပါလား။ ဒါကြောင့်လည်း ဘွားဘွားက မြူကို ခပ်နုံနုံ ခပ်ထုံထုံဟု မကြာခဏ အထင်သေးခံရတာ မဆန်းလှပေ။ မြူ ကိုယ်တိုင်ကပင် ဘွားဘွားစကားကို နာကျည်းနေသည့်ကြားထဲကပင် လက်ခံချင်သလိုလို ဖြစ်ခဲ့သွားပင်။

အဆောင်ကို စရောက်သည့်နေ့က မြူနဲ့ တစ်ခန်းတည်း အတူနေသည့် နီနီဝင်းနဲ့ ညနေဘက် တက္ကသိုလ်ကို သွားကြည့်ခဲ့ကြသည်။ နီနီဝင်းက တက္ကသိုလ်ဝင်းထဲက နေရာတော်တော်များများကို နှံ့စပ်နေနှင့်ခဲ့ပြီး မြူကတော့ အခုမှရောက်ဖူးသဖြင့် တွေ့မြင်သမျှ ငေးမော အံ့သြနေခဲ့သည်။ တက္ကသိုလ်ဝင်းထဲမှာ တဝဲလည်လည်နဲ့ မျက်စိကစားကာ လိုက်ရှာနေသော မြူ့ကို နီနီဝင်းက သတိထားမိပြီး "ဘာ လိုက်ရှာနေတာလဲ မြူ" ဟု မေးသည်။ မြူက မဝံ့မရဲလေသံလေးဖြင့် ခပ်တိုးတိုး ဖြေသည်။

"ဟို ဟိုဥစ္စာလေ၊ ဒီမှာ ကံ့ကော်ပင်တို့ သစ်ပုတ်ပင်တို့လည်း မရှိဘူးနော်၊ မနီနီဝင်း တွေ့မိသေးသလား မသိဘူး"

မြူ့စကားကြားတော့ နီနီဝင်းက မြူကို အားမနာ ပါးမနာ ခပ်သောသော ထရယ်တော့ မြူမျက်နှာတစ်ခုလုံး ချွေးစေးများ ပျံလာသည့်အထိ ရှက်ရွံ့ထူပူသွားသည်။ သွားပြီ... အစကတည်းက မမေးလိုက်မိရင် အကောင်းသားဟု နောင်တရသွားသည်။

"ဟယ်... ဘယ်ကလာရှိမှာလဲ မြူနှင်းဝေရဲ့၊ ဒါ ရန်ကုန်တက္ကသိုလ်မှ မဟုတ်တဲ၊ နင်ကလည်း ရူးပေါ့ဟာ"

နီနီဝင်း၏ အတောမသတ် ရယ်မောမှုအောက်မှာ မြူ့စိတ် မလုံခြုံတော့သလို ခံစားလာရကာ ကျောင်းမှမတက်ရသေးခင် အဆောင်ရောက်သည့် ပထမဆုံးနေ့မှာပင် မြူက ရယ်စရာကောင်းသလို ဖြစ်နေတာကို ဝမ်းနည်းလှသည်။ ဘွားဘွားစကားကို ကြားယောင်ကာ ကျောင်းတက်ရင် အဆင်မှပြေပါ့မလားဟု တွေးကာ အိမ်ကို သတိရမိလာသည်။ ဟင့်အင်း... အိမ်ပြန်လို့တော့ မဖြစ်ပါဘူး။ မြူ ဒီမှာ မဖြစ်ဖြစ်အောင် နေမှာပေါ့။ မြူသည် အနည်းငယ် စိတ်အားတင်းလိုက်သည်။

သို့သော် အဆောင်ကိုပြန်လာတော့ နီနီဝင်းကို စကားမပြောတော့။ တက္ကသိုလ်ကိုသွားကြည့်ဖို့ လာခဲ့စဉ်က တစ်ယောက်အကြောင်း တစ်ယောက်

mgyoe.com